# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ – ၁၈၂)


၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် ၂၀၂၆ ခုနှစ်၊ မတ် ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၅)၊ အမှတ်(၁၆၉)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေ ပြဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေ**

(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၉ / ၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သည့်ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင်ဖြစ်စေ၊ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့် စက်တပ်ယာဉ်တစ်ခုခုပေါ်တွင်ဖြစ်စေ ကျူးလွန်လျှင်လည်းကောင်း၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ခွင့်ရရှိသူ သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိသူက ပြည်ပတွင်ကျူးလွန်လျှင်လည်းကောင်း ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို ဆိုသည်။

( ဂ ) **နိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုထားသူကို ဆိုသည်။

(ဃ) **ဧည့်နိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ သတ်မှတ်ထားသော ဧည့်နိုင်ငံသားကို ဆိုသည်။

( င ) **နိုင်ငံသားပြုခွင့်ရသူ** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ သတ်မှတ်ထားသော နိုင်ငံသားပြုခွင့်ရသူကို ဆိုသည်။

( စ ) **ကိုယ်ပိုင်သက်သေခံလက်မှတ် (Unique Identification Number–UID)** ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတို့ကို ထုတ်ပေးသည့် သက်သေခံလက်မှတ်ကို ဆိုသည်။

(ဆ) **မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(Certificate of Identification)** ဆိုသည်မှာ ပြည်ပနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံသားဟု ယူဆရသူကို မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ပနိုင်ငံများရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးက တစ်ကြိမ်သာလျှင်အသုံးပြုရန် ထုတ်ပေးသည့် သက်သေခံလက်မှတ်ကို ဆိုသည်။

( ဇ ) **မြန်မာနိုင်ငံကူးလက်မှတ်** ဆိုသည်မှာ သာမန်နိုင်ငံကူးလက်မှတ်၊ အထူးနိုင်ငံကူးလက်မှတ် သို့မဟုတ် သံတမန်နိုင်ငံကူးလက်မှတ်ကို ဆိုသည်။

( ဈ ) **မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူ** ဆိုသည်မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူများကို ဆိုသည်။

(ည) **သာမန်နိုင်ငံကူးလက်မှတ်** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူကို ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က ထုတ်ပေးသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ဆိုသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖


## ပန်းတောင်းမြို့နယ်၌ ဆင်းရှေကြာ-၂ မျိုး နေကြာစိုက်ခင်းများ စတင်ရိတ်သိမ်း

**ပန်းတောင်း မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်း ကုလားပဲ၊ မြေပဲ၊ မတ်ပဲ၊ ဆောင်းနေကြာကို သီးညှပ်စိုက်ပျိုးကြသည့်အပြင် သီးသန့်လည်း စိုက်ပျိုးလျက်ရှိရာ မြို့နယ်အတွင်း ဆောင်းနေကြာ ၈၉၉ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

စိုက်ပျိုးမှုအနေဖြင့် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး မျိုးအနေဖြင့် ဆင်းရှေကြာ-၂ မျိုးကို အများဆုံး စိုက်ပျိုးကြကာ သုံးလအကြာတွင် ရိတ်သိမ်းရကြောင်း၊ သီးညှပ်စိုက်ပျိုးရာတွင် ကြဲပက်၍လည်းကောင်း၊ အတန်းစိုက်စနစ်ဖြင့်လည်းကောင်း စိုက်ပျိုးကြသည်။ ယခုအချိန်တွင် ပန်းတောင်းမြို့နယ်၌ နေကြာသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါနေကြာစိုက်ခင်းများကို စတင်ရိတ်သိမ်းလျက်ရှိသည်။

လပြည့်လင်း(ပြန်/ဆက်)



❖ *ရှေ့ဖုံးမှ*

( ဋ ) **အထူးနိုင်ငံကူးလက်မှတ်** ဆိုသည်မှာ ပြည်ပနိုင်ငံသို့ တာဝန်တစ်ရပ်ရပ်ဖြင့် သွားရောက်ရန် အတွက် တပ်မတော်သား၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်၊ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံတော်က အထူးကိစ္စရပ် ဖြင့်စေလွှတ်သည့် ပုဂ္ဂိုလ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပေးသည့် မြန်မာနိုင်ငံကူး လက်မှတ်ကိုဆိုသည်။

( ဌ ) **သံတမန်နိုင်ငံကူးလက်မှတ်** ဆိုသည်မှာ ပြည်ပနိုင်ငံတွင် သံတမန်ရေးရာတာဝန် ထမ်းဆောင်မည့် သံတမန်များ၊ ဝန်ကြီးဌာနများ၏ အဆင့်မြင့်အရာရှိကြီးများနှင့် နိုင်ငံတော်က အထူးကိစ္စရပ်ဖြင့် စေလွှတ်သည့် ပုဂ္ဂိုလ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပေးသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ဆိုသည်။

( ဍ ) **အီလက်ထရောနစ်နိုင်ငံကူးလက်မှတ် (Electronic Passport–e passport)** ဆိုသည်မှာ မြန်မာ နိုင်ငံကူးလက်မှတ်လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များကို ချစ်ပ်ပြားတွင် ထည့်သွင်း ထားသော မြန်မာနိုင်ငံကူးလက်မှတ်ကို လုံခြုံရေးအဆင့်မြှင့်ထားသည့် အီလက်ထရောနစ် နိုင်ငံကူးလက်မှတ်ကို ဆိုသည်။

( ဎ ) **မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေး ရေးလုပ်ငန်းစဉ်များကိုဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးအဖွဲ့ကို ဆိုသည်။

(ဏ) **မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး (ရန်ကုန်)နှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲများကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း၊ အသုံးပြုခြင်း၊ သက်တမ်းတိုးခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန်၊

( ခ ) မြန်မာနိုင်ငံကူးလက်မှတ် စနစ်တကျထုတ်ပေးခြင်းဖြင့် အမျိုးသားလုံခြုံရေးနှင့် အမျိုးသား အကျိုးစီးပွားကိုကာကွယ်ရန်၊

( ဂ ) မြန်မာနိုင်ငံကူးလက်မှတ်ဖြင့် ပြည်ပနိုင်ငံသို့ ခရီးသွားလာခြင်းကို စနစ်တကျစီမံခန့်ခွဲရန်၊

(ဃ) မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်၊

( င ) မြန်မာနိုင်ငံကူးလက်မှတ် အတုပြုလုပ်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ဥပဒေနှင့်အညီကာကွယ်နိုင်ရန်။

## အခန်း(၃)
## မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်–

(က) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

| | | |
|---|---|---|
| ( ၁ ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ၂ ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၃ ) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၄ ) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၅ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၆ ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၇ ) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၈ ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၉ ) | ကိုယ်စားလှယ်တစ်ဦး<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (၁၀) | ကိုယ်စားလှယ်တစ်ဦး<br>လုံခြုံရေးနှင့်ဆိုင်သော<br>ပုံနှိပ်လုပ်ငန်းများ ညွှန်ကြားရေးမှူးရုံး၊<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (၁၁) | သတင်းရဲတပ်ဖွဲ့မှူး<br>သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

( ခ ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်သည်–

(က) မြန်မာနိုင်ငံကူးလက်မှတ်နှင့်စပ်လျဉ်း၍ မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း၊

( ခ ) မြန်မာနိုင်ငံကူးလက်မှတ်ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဂ ) အထူးကိစ္စရပ်များအတွက် သာမန်နိုင်ငံကူးလက်မှတ် သက်တမ်းနှင့် လိုအပ်သည့် အခြေအနေ များ သတ်မှတ်ခြင်း၊

(ဃ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၊ ပြည်ပနိုင်ငံရှိမြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

( င ) ပြည်ပနိုင်ငံရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးများသို့ မြန်မာနိုင်ငံကူး လက်မှတ်သက်တမ်းတိုးခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည် လျှောက်ထားခြင်း၊ မွေးတိုးလျှောက်ထားခြင်း၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် လျှောက်ထားခြင်းများကိုစိစစ်၍ ခွင့်ပြုစေခြင်း သို့မဟုတ် ငြင်းပယ်စေခြင်း၊

( စ ) သာမန်နိုင်ငံကူးလက်မှတ် လျှောက်ထားခြင်းကို စိစစ်၍ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း၊

(ဆ) ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ခြင်း၊

( ဇ ) ဤဥပဒေအရ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုး လျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်းတို့နှင့် စပ်လျဉ်း၍ ပေးသွင်းရမည့် အခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

( ဈ ) မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူများသည် အရေးကြီး၊ အရေးပေါ်ကိစ္စရပ်အတွက် ခိုင်လုံသော အကြောင်းပြချက်များဖြင့် မြန်မာနိုင်ငံကူးလက်မှတ် အမြန်ရရှိရေး လျှောက်ထား ချက်ကိုစိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ည) သက်ဆိုင်ရာဝန်ကြီးဌာနက အမည်ပျက်စာရင်းပေးပို့လာပါက အမည်ပျက်စာရင်း ထည့်သွင်း ခြင်း၊

( ဋ ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၄)
## မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပြန်လည်လျှောက်ထားခြင်း

၇။ (က) သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူသည် အောက်ပါစာရွက်စာတမ်းများနှင့်အတူ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသို့ လျှောက်ထားနိုင်သည်–

( ၁ ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့် မိတ္တူ)၊

( ၂ ) အသက် ၁၀ နှစ်အောက်ဖြစ်ပါက မွေးစာရင်း(မူရင်းနှင့် မိတ္တူ)၊

( ၃ ) အသက် ၁၈ နှစ်အောက်ဖြစ်ပါက မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ဦးဦး၏ ခွင့်ပြုချက်၊ (မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့်အတူ လာရောက်လျှောက်ထားရမည်)

( ၄ ) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ–၆၆/၆ (မူရင်းနှင့် မိတ္တူ)၊

( ၅ ) ကိုယ်ပိုင်သက်သေခံလက်မှတ် (Unique Identification Number–UID)၊

( ၆ ) လျှောက်ထားလိုသည့် သာမန်နိုင်ငံကူးလက်မှတ် အမျိုးအစားအလိုက် လိုအပ်သော အခြားစာရွက်စာတမ်းအထောက်အထားများ၊

( ၇ ) သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းအတွက် တရားဝင်သတ်မှတ်ထားသော အခကြေးငွေပေးသွင်းထားသည့်အထောက်အထား၊

( ၈ ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အချက်အလက်များ။

( ခ ) သက်ဆိုင်ရာမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသည် ပုဒ်မခွဲ(က)အရ တင်ပြသောမူရင်း အထောက်အထားများကို စိစစ်ပြီး မူရင်းအထောက်အထားကို လျှောက်ထားသူထံ ပြန်လည် ပေးအပ်ရမည်။

၈။ သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းတိုးလျှောက်ထားလိုသူသည်–

(က) သက်တမ်းတိုးလျှောက်ထားလိုပါက မူလထုတ်ပေးထားသော သာမန်နိုင်ငံကူးလက်မှတ် စာအုပ်မူရင်းနှင့် ပုဒ်မ ၇ ပုဒ်မခွဲ(က)အရ သတ်မှတ်ထားသည့် စာရွက်စာတမ်းများနှင့်အတူ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် သာမန်နိုင်ငံကူးလက်မှတ် သက်တမ်းမကုန်ဆုံးမီ ၆ လအတွင်း လျှောက်ထားနိုင်သည်။

( ခ ) သက်တမ်းကုန်ဆုံးရန် ၆ လမတိုင်မီ သက်တမ်းတိုးလျှောက်ထားလိုပါက သတ်မှတ်ထားသည့် ဒဏ်ကြေးငွေပေးသွင်း၍ ပုဒ်မခွဲ(က)ပါအတိုင်း မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးတွင် လျှောက်ထားနိုင်သည်။

၉။ သာမန်နိုင်ငံကူးလက်မှတ်ပျောက်ဆုံး၍ အသစ်လျှောက်ထားလိုပါက ပျောက်ဆုံးကြောင်း သတင်းစာ တွင် ထည့်သွင်းကြော်ငြာသည့်ရက်မှ ၆ လပြည့်လျှင် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် အောက်ပါစာရွက်စာတမ်းများဖြင့် ပူးတွဲလျှောက်ထားရမည်–

(က) ပုဒ်မ ၇ ပုဒ်မခွဲ(က)အရ သတ်မှတ်ထားသည့် စာရွက်စာတမ်းများ၊

( ခ ) သတင်းစာတွင် ကြော်ငြာထားသည့် အထောက်အထား၊

( ဂ ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေပေးဆောင်ထားသည့် အထောက်အထား။

၁၀။ သာမန်နိုင်ငံကူးလက်မှတ်ပျက်စီး၍ အသစ်လျှောက်ထားလိုပါက မူလသာမန်နိုင်ငံကူးလက်မှတ် (ပျက်စီး)၊ သတ်မှတ်ထားသည့် ဒဏ်ကြေးငွေပေးဆောင်သည့် အထောက်အထား၊ ပုဒ်မ ၇ ပုဒ်မခွဲ(က) အရ သတ်မှတ်ထားသည့် စာရွက်စာတမ်းများပူးတွဲ၍ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် သာမန်နိုင်ငံကူးလက်မှတ် အသစ်ပြန်လည်လျှောက်ထားနိုင်သည်။

၁၁။ သာမန်နိုင်ငံကူးလက်မှတ် လျှောက်ထားခွင့်ရှိသူက သာမန်နိုင်ငံကူးလက်မှတ်အသစ် လျှောက်ထား ခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည် လျှောက်ထားလာပါက မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသည် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း ရှိ မရှိစိစစ်ပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ တင်ပြရမည်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

၁၂။ ပြည်ပနိုင်ငံရောက် သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူသည် သာမန်နိုင်ငံကူးလက်မှတ် သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်းနှင့် မွေးတိုးလျှောက်ထားခြင်းများကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က ထုတ်ပြန်ထားသော သတ်မှတ်ချက်နှင့်အညီ ပြည်ပနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးသို့ လျှောက်ထားနိုင်သည်။

၁၃။ ပြည်ပနိုင်ငံရောက် သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူက သက်တမ်းတိုး လျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်း သို့မဟုတ် မွေးတိုးလျှောက်ထားခြင်းများကို ပြည်ပနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးသည် သတ်မှတ်ချက်နှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ တင်ပြရမည်။

၁၄။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် စိစစ်တင်ပြချက်များအပေါ်မူတည်၍-

(က) ပြည်တွင်း၌ သာမန်နိုင်ငံကူးလက်မှတ်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုး လျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် ပြန်လည်လျှောက်ထားခြင်းတို့ကို ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ ) ပြည်ပနိုင်ငံတွင် သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် မွေးတိုးလျှောက်ထားခြင်းကို ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၅။ သာမန်နိုင်ငံကူးလက်မှတ် လျှောက်ထားခွင့်ရှိသူသည် ပြည်ပသို့ အရေးကြီး၊ အရေးပေါ် ကိစ္စရပ်ဖြင့် ထွက်ခွာရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးရန် ခိုင်လုံသောအကြောင်းပြချက် အထောက်အထားများဖြင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသို့ လျှောက်ထားနိုင်သည်။

၁၆။ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သည် ပုဒ်မ ၁၅ အရ လျှောက်ထားချက်အပေါ် တင်ပြချက်ကို စိစစ်၍ သာမန်နိုင်ငံကူးလက်မှတ်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၇။ တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းနှင့် တာဝန်ဖြင့်ပြည်ပသို့ သွားရောက်မည့် နိုင်ငံတော်က အထူးကိစ္စရပ်ဖြင့်စေလွှတ်သည့် ပုဂ္ဂိုလ်သည် သာမန်နိုင်ငံကူးလက်မှတ် လျှောက်ထားလိုပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားနိုင်သည်။

၁၈။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တာဝန်ဖြင့် ပြည်ပနိုင်ငံသို့ စေလွှတ်မည့် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံတော်က အထူးကိစ္စရပ်ဖြင့် စေလွှတ်သည့် ပုဂ္ဂိုလ်သည် အထူးနိုင်ငံကူးလက်မှတ်ရရှိရန် သတ်မှတ်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၁၉။ ပြည်ပနိုင်ငံတွင် သံတမန်ရေးရာတာဝန်ထမ်းဆောင်မည့် သံတမန်များ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အဆင့်မြင့်အရာရှိကြီးများနှင့် နိုင်ငံတော်က အထူးကိစ္စရပ်ဖြင့် စေလွှတ်သည့် ပုဂ္ဂိုလ်သည် သံတမန်နိုင်ငံကူးလက်မှတ်ရရှိရန် သတ်မှတ်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၂၀။ မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူသည်-

(က) အီလက်ထရောနစ် နိုင်ငံကူးလက်မှတ်စနစ် ကျင့်သုံးသည့်အခါ အီလက်ထရောနစ် နိုင်ငံကူးလက်မှတ်အသစ်ကို သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာသို့ လျှောက်ထားရမည်။

( ခ ) ပုဒ်မခွဲ(က)အရ လျှောက်ထားရာတွင် မြန်မာနိုင်ငံကူးလက်မှတ်စာအုပ် မူရင်းနှင့် မိတ္တူ ပူးတွဲတင်ပြလျှောက်ထားရမည်။

( ဂ ) မူလမြန်မာနိုင်ငံကူးလက်မှတ်ကို သက်တမ်းကုန်ဆုံးသည်အထိ အသုံးပြုနိုင်သည်။

၂၁။ (က) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး အီလက်ထရောနစ် နိုင်ငံကူး လက်မှတ်ထုတ်ပေးရန် သို့မဟုတ် ငြင်းပယ်ရန် သက်ဆိုင်ရာသို့ အကြောင်းကြားနိုင်သည်။

( ခ ) မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူသည် အီလက်ထရောနစ် နိုင်ငံကူးလက်မှတ် ရရှိသည့်အခါ မူလမြန်မာနိုင်ငံကူးလက်မှတ်ကို သက်ဆိုင်ရာသို့ ပြန်လည်အပ်နှံရမည်။

**အခန်း(၅)**

**မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြန်လည်အပ်နှံခြင်း**

၂၂။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသည် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သာမန်နိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လျှောက်ထားသူထံ တိုက်ရိုက်ထုတ်ပေးခြင်း၊

( ခ ) အထူးကိစ္စရပ်ကြောင့် ပြည်ပသို့ထွက်ခွာနိုင်ရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးရန် ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်ထားသူကို သက်ဆိုင်ရာနိုင်ငံသို့သွားရောက်ရန် လိုအပ်သလို သက်တမ်းနှင့် အခြေအနေသတ်မှတ်၍ သာမန်နိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်း။

၂၃။ ပြည်တွင်းတွင် မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေး အဖွဲ့၏ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးက လျှောက်ထားသူထံ တိုက်ရိုက် ထုတ်ပေးရမည်။

၂၄။ ပြည်ပတွင် မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်းနှင့် မွေးတိုးလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးက လျှောက်ထားသူထံ တိုက်ရိုက်ထုတ်ပေးရမည်။

၂၅။ သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းသည် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးသည့်ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

၂၆။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တာဝန်ဖြင့် ပြည်ပနိုင်ငံသို့ စေလွှတ်မည့် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံတော်က အထူးကိစ္စရပ်ဖြင့် စေလွှတ်သည့် ပုဂ္ဂိုလ်အတွက် အထူးနိုင်ငံကူးလက်မှတ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက လျှောက်ထားသည့် ဌာနသို့ ထုတ်ပေးပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့တွင် မှတ်တမ်းတင်ရန် အချက်အလက်များကို ပေးပို့ရမည်။

၂၇။ ပြည်ပနိုင်ငံတွင် သံတမန်ရေးရာတာဝန် ထမ်းဆောင်မည့် သံတမန်များ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အဆင့်မြင့်အရာရှိကြီးများအတွက် သံတမန်နိုင်ငံကူးလက်မှတ်ကို နိုင်ငံခြားရေး ဝန်ကြီးဌာနက လျှောက်ထားသည့်ဌာနသို့ ထုတ်ပေးပြီး မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့တွင် မှတ်တမ်းတင်ရန် အချက်အလက်များကို ပေးပို့ရမည်။

၂၈။ အထူးနိုင်ငံကူးလက်မှတ် ရရှိသူသည်-

(က) အောက်ပါအခြေအနေတစ်ရပ်ရပ်ဖြစ်ပေါ်သည့်အခါ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အပြီးတိုင် ပြန်လည်အပ်နှံရမည်-

( ၁ ) ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခြင်း၊

( ၂ ) ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခြင်း၊

( ၃ ) ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခြင်း၊

( ၄ ) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခံရခြင်း၊

( ၅ ) ရာထူးမှ နုတ်ပယ်ခံရခြင်း၊

( ၆ ) သေဆုံးခြင်း။

( ခ ) ပြည်ပခရီးစဉ်ပြီးဆုံးပါက အထူးနိုင်ငံကူးလက်မှတ်ကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ယာယီအပ်နှံရမည်။

၂၉။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် အောက်ပါအခြေအနေတစ်ရပ်ရပ် စိစစ်တွေ့ရှိပါက မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရန် ငြင်းပယ်နိုင်သည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသူဖြစ်ခြင်း၊

( ခ ) နိုင်ငံသားအဖြစ်မှ ရပ်စဲခံရသူဖြစ်ခြင်း၊

( ဂ ) မရိုးမဖြောင့်သောသဘောဖြင့် လိမ်လည်လှည့်ဖြားလျှောက်ထားသူဖြစ်ခြင်း၊

(ဃ) ပြစ်ဒဏ်ကျခံနေရသူဖြစ်ခြင်း၊

( င ) ပြစ်မှုတစ်ခုခုဖြင့်အရေးယူခံရ၍ တရားရုံး သို့မဟုတ် သက်ဆိုင်ရာဌာနက နိုင်ငံကူးလက်မှတ် ထုတ်မပေးရန် တင်ပြချက်လက်ခံရရှိခြင်း၊

( စ ) နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်၏အကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးနိုင်သည်ဟု ယူဆရသူဖြစ်ခြင်း၊

(ဆ) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁(၁)အရ စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုထားပြီး သတ်မှတ်ကာလမပြည့်သေးသူ၊

( ဇ ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တရားရုံးက ခံဝန်ချုပ် ချုပ်ထားသည့်ကာလ မပြည့်သေးသူ၊

( ဈ ) သက်ဆိုင်ရာ ပြည်ပနိုင်ငံ၏ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခံရသူဖြစ်ခြင်း။

၃၀။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် အောက်ပါအခြေအနေတစ်ရပ်ရပ် စိစစ်တွေ့ရှိပါက ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ရမည်-

(က) မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးခြင်းကြောင့် အသစ်ပြန်လည်ထုတ်ပေးရန် လျှောက်ထားခြင်း၊

( ခ ) မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူကို နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်း၊

( ဂ ) မြန်မာနိုင်ငံကူးလက်မှတ်ကို ဆက်လက်အသုံးပြုရန် မသင့်လျော်လောက်အောင် ပျက်စီး သို့မဟုတ် ညစ်နွမ်းနေခြင်း။

၃၁။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ခြင်းပြုပါက ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူထံ သတ်မှတ်ချက်နှင့်အညီ အကြောင်းကြားရမည်။

၃၂။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူး လက်မှတ်ကို ပယ်ဖျက်ခြင်းခံရသူသည် အကြောင်းကြားချက်ပေးပို့သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ အယူခံဝင်ရောက်နိုင်သည်။

၃၃။ (က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မ ၃၂ အရ အယူခံလျှောက်ထားမှုကို စိစစ်ပြီး အောက်ပါအမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်-

( ၁ ) အယူခံလျှောက်ထားမှုကို ပလပ်ခြင်း၊

( ၂ ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း သို့မဟုတ် အတည်ပြုခြင်း။

( ခ ) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

၃၄။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် ပုဒ်မ ၃၃ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)အရ ပြည်ထဲရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

**အခန်း(၆)**

**တားမြစ်ချက်များ**

၃၅။ မည်သူမျှ-

(က) မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် အချက်အလက်အထောက်အထားများကို မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော အကြံဖြင့်ဖြစ်စေ မမှန်မကန် ဖော်ပြခြင်း၊ တင်ပြခြင်း မပြုရ၊

( ခ ) တရားဝင်ကိုင်ဆောင်ခွင့်ရရှိသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို အခြားသူတစ်ဦးဦးအား ရောင်းချခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း မပြုရ၊

( ဂ ) အတု သို့မဟုတ် ဆင်တူယိုးမှား ပြုလုပ်ထားသော မြန်မာနိုင်ငံကူးလက်မှတ်ကို လက်ဝယ်ထားခြင်း သို့မဟုတ် ကိုင်ဆောင်အသုံးပြုခြင်း မပြုရ၊

(ဃ) မိမိကိုင်ဆောင်ခွင့်မရှိသော မြန်မာနိုင်ငံကူးလက်မှတ်ကို မရိုးမဖြောင့်သော သဘောဖြင့် လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရ၊

( င ) မြန်မာနိုင်ငံကူးလက်မှတ်ကို အတုပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း သို့မဟုတ် အတု သို့မဟုတ် ဆင်တူယိုးမှားပြုလုပ်ထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ရောင်းချခြင်း မပြုရ။

၃၆။ မည်သူမျှ-

(က) မြန်မာနိုင်ငံကူးလက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း မပြုရ၊

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

( ခ ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးသည့် မှတ်တမ်းစာအုပ်တွင် မရိုးမဖြောင့်သော သဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း မပြုရ။

၃၇။ မည်သူမျှ –

(က) သက်တမ်းရှိနေသော သာမန်နိုင်ငံကူးလက်မှတ်ကို တစ်ခုထက်ပို၍ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း မပြုရ။

( ခ ) ပယ်ဖျက်ထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို အသုံးမပြုရ။

၃၈။ မည်သူမျှ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပူးပေါင်းကြံစည်ခြင်း၊ အားပေးကူညီခြင်း မပြုရ။

**အခန်း(၇)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၉။ မည်သူမဆို–

(က) ပုဒ်မ ၃၅ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် သုံးလမှ အများဆုံး ထောင်ဒဏ် တစ်နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် ငါးသိန်းကျပ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

( ခ ) ပုဒ်မ ၃၅ ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် သုံးလမှ အများဆုံး ထောင်ဒဏ် တစ်နှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံး ငွေဒဏ် သုံးသိန်းကျပ်မှ အများဆုံး ငွေဒဏ် ငါးသိန်းကျပ်အထိ ချမှတ်နိုင်သည်။

( ဂ ) ပုဒ်မ ၃၅ ပုဒ်မခွဲ(ဂ)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် ငါးနှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံးငွေဒဏ် ငါးသိန်းကျပ်မှ အများဆုံး ငွေဒဏ် ၁၀ သိန်းကျပ်အထိ ချမှတ်နိုင်သည်။

(ဃ) ပုဒ်မ ၃၅ ပုဒ်မခွဲ(ဃ) သို့မဟုတ် ပုဒ်မခွဲ(င)တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံးထောင်ဒဏ် ငါးနှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံးငွေဒဏ် ၁၀ သိန်းကျပ်မှ အများဆုံးငွေဒဏ် ကျပ် ၁၅ သိန်းအထိ ချမှတ်နိုင်သည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် သုံးလမှ အများဆုံးထောင်ဒဏ် တစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ် ငါးသိန်းကျပ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ် သုံးနှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံးငွေဒဏ် ငါးသိန်းကျပ်မှ အများဆုံးငွေဒဏ် ၁၀ သိန်းကျပ်အထိ ချမှတ်နိုင်သည်။

၄၂။ ဤဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ပါက ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသော ထောင်ဒဏ်ချမှတ်ခြင်းခံရမည်။

၄၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။

**အခန်း(၈)**

**အထွေထွေ**

၄၄။ ဤဥပဒေ ပုဒ်မ ၃၉ ပုဒ်မခွဲ(က)၊ (ခ)နှင့် ပုဒ်မ ၄၀ ပါ ပြစ်မှုများကို ရဲအရေးပိုင်သောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၅။ တည်ဆဲဥပဒေတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဤဥပဒေဖြင့်သာ အရေးယူရမည်။

၄၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။

၄၇။ မြန်မာနိုင်ငံကူးလက်မှတ်အက်ဥပဒေ (The Myanmar Passport Act.,Act XXXIV,1920) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် အရှုဏ်ဆွမ်းဆက်ကပ်လှူဒါန်း၍ အထိမ်းအမှတ်အခမ်းအနားများကျင်းပ





**နေပြည်တော် မတ် ၁၇**

၂၀၂၆ ခုနှစ် မတ် ၁၇ ရက်တွင် ကျရောက်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားများကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ အပိုင်းသုံးပိုင်းခွဲ၍စည်ကားသိုက်မြိုက်စွာကျင်းပရာ သံဃာတော်များအား အရှုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို နံနက် ၆ နာရီတွင်လည်းကောင်း၊ ထူးချွန်ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ဂုဏ်ပြုညစာစားပွဲနှင့် အကပြိုင်ပွဲများကို ညနေ ၆ နာရီတွင်လည်းကောင်း ကျင်းပပြုလုပ်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ထမ်းမိသားစုများက နေပြည်တော် တပ်ကုန်းမြို့နယ် ရှမ်းစပ်ကုန်းမြောက်ကျောင်း ဆရာတော် ဦးကောသလ္လနှင့် ရတနာမှန်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိလာသတို့ အမှူးပြုသော ပင့်သံဃာတော်ငါးပါးတို့ကို ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ဆုတောင်းမေတ္တာပို့သကြပြီး တက်ရောက်လာသည့် ဧည့်ပရိသတ်များကို နံနက်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့၌ ဖွင့်လှစ်ခဲ့သည့်သင်တန်းများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၊ ဝန်ကြီးဌာနအတွင်း ကျင်းပခဲ့သည့် ဒီဇင်ဘာအားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပသည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုညစာစားပွဲကိုကျင်းပရာ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ သံအမတ်ကြီးများနှင့် အငြိမ်းစားအရာထမ်းအမှုထမ်းများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အမှာစကားပြောကြားရာတွင် မြန်မာ့သံတမန်ရေးရာသမိုင်းကြောင်းသည် နှစ်ပေါင်း ၂၀၀၀ ကျော် သက်တမ်းရှိခဲ့ပြီး ခေတ်အဆက်ဆက်တွင် လွတ်လပ်၍ တက်ကြွပြီးဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို အစဉ်တစိုက် ကျင့်သုံးခဲ့ကြောင်း၊ လက်ရှိတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၇ နိုင်ငံနှင့် သံတမန် အဆက်အသွယ် ထူထောင်ထားပြီး ပြည်ပနိုင်ငံများ၌ သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံး ၅၂ ရုံး ဖွင့်လှစ်ကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထိတွေ့ဆက်ဆံရေးနှင့် သဟဇာတဖြစ်ရေးကို အလေးထားသည့် သံတမန်နည်းလမ်း (Engagement and Harmony Oriented Diplomacy) ကို ကျင့်သုံးလျက်ရှိရာ ပြီးခဲ့သည့် ငါးနှစ်တာအတွင်း နိုင်ငံတကာနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာ ပါဝင်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ ပုံရိပ်နှင့် ဂုဏ်သိက္ခာကို မြှင့်တင်ရန် အလေးထားဆောင်ရွက်လျက်ရှိရာတွင် ICJ ၌ ခိုင်မာစွာ ခုခံချေပခြင်း၊ အွန်လိုင်းလိမ်လည်မှုများအား Zero Tolerance Policy ဖြင့် နှိမ်နင်းခြင်းတို့တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူများကို ဖိတ်ခေါ်၍ နိုင်ငံတော်အပေါ် ယုံကြည်မှုနှင့် လေးစားမှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း စသည်ဖြင့် အပြုသဘော အောင်မြင်မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ကမ္ဘာတွင် သံတမန်နည်းလမ်းသည် ပို၍အရေးပါလာနေကြောင်း၊ သံတမန်မျိုးဆက်များအကြား အတွေ့အကြုံ စွမ်းဆောင်ရည်နှင့် လေ့လာမှုတို့ကို ပေါင်းစပ်၍ သံတမန်မျိုးဆက်ကောင်းများ စဉ်ဆက်မပြတ် ပျိုးထောင်ရမည်ဖြစ်ကြောင်း၊ သံတမန်နည်းနာ၊ နိုင်ငံခြားရေးမူဝါဒ ဖော်ဆောင်မှုနည်းနာများအပြင် အမျိုးသားနိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာနှင့် ကာကွယ်ရေးဆိုင်ရာ သိမြင်နားလည်မှုများရှိရန် အထူးလိုအပ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို တတ်စွမ်းသမျှ ဝိုင်းဝန်းအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ရေမြေသယံဇာတကို သားစဉ်မြေးဆက် တန်ဖိုးထား သုံးစွဲနိုင်စေရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် တာဝန်သိ၍ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဖော်ဆောင်ပေးရန် လိုအပ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးမြင့်မားတိုးတက်စေရေး အမြဲမပြတ် လေ့လာဆည်းပူးသွားရမည်ဖြစ်သကဲ့သို့ အဖွဲ့လိုက် လုပ်ဆောင်မှုအားကောင်းစေရေး အတွက်လည်း လေ့ကျင့် ပျိုးထောင်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာစောင့်သိ၍ ချမှတ်ထားသည့် မူဝါဒများ၊ ဝန်ထမ်းကျင့်ဝတ်၊ သံတမန်ကျင့်ဝတ်များကို ကောင်းစွာသိရှိလိုက်နာရန် လိုအပ်ကြောင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ အကျိုးနှင့်အခွင့်အရေးကို တတ်စွမ်းသမျှ ကာကွယ်စောင့်ရှောက်ပေးသွားရမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့စဉ်ကကဲ့သို့ အခက်အခဲများကြားမှ ကြံ့ကြံ့ခံတာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းမိသားစုများအား အထူးမှတ်တမ်းတင် ဂုဏ်ပြုကြောင်းနှင့် မည်သည့်စိန်ခေါ်မှုများကိုမဆို စုပေါင်းအင်အားဖြင့် ရင်ဆိုင်ကျော်လွှားကာ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ရှေ့တန်းမှ အားစိုက်ကြိုးပမ်း အကောင်အထည်ဖော်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများက တေးသံသာများ သီဆိုခြင်း၊ ဦးစီးဌာနများ၏ ယိမ်းအကပြိုင်ပွဲ ကျင်းပခြင်းတို့ဖြင့် ဖျော်ဖြေခဲ့ပြီး ဝန်ထမ်းများအတွက် ကံစမ်းမဲ ၇၉ ဆုနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များအတွက် ဆု ငါးဆု မဲဖောက်၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

# ဆက်လက်ထိန်းသိမ်းရမည့် တပ်မတော်နှင့် နိုင်ငံ့ဂုဏ်

မိုးမြင့်

တပ်မတော်သားအားလုံး ရှိနှင့်ပြီးသည့် ခံယူချက်မှာ တာဝန်နှင့် သစ္စာတရား၊ တပ်ဖွဲ့စိတ်ဓာတ်နှင့်အတူ ပါလာသော ရဲဘော်ရဲဘက်စိတ်၊ ထိုစိတ်ဓာတ်များသည်သာ အောင်စိတ် အခရာ။ အခြားဘာမျှမရှိပါ။

ထိုစိတ်ဓာတ်ကိုအခြေခံပြီး တပ်မတော်သာ အမိ၊ တပ်မတော်သာအဖဟုခံယူ၍ အသက်သွေးချွေး စဉ်ဆက်မနေး နိုင်ငံနှင့်ပြည်သူအတွက် ပေးဆပ်ထားပြီးဖြစ်သည်။ ထိုစိတ်ဓာတ်ကောင်းများဖြင့် တပ်မတော်နှင့် နိုင်ငံ၏ဂုဏ်သိက္ခာကို ခေတ်အဆက်ဆက် ဆယ်တင်ခဲ့ကြသည့်၊ သမိုင်းပေးတာဝန် ကျေပွန်ခဲ့ကြသည့် စစ်သားကောင်းများစွာရှိသည့် ပြည်ထောင်စုတပ်မတော် ဖြစ်ပါသည်။

**အန္တိမရည်မှန်းချက်မှာ....**

ထိုစိတ်ဓာတ်များဖြင့် တပ်မတော်သည် နိုင်ငံ၏ အချုပ်အခြာမယိမ်းယိုင်အောင် ထိန်းသိမ်း၊ ပြည်ထောင်စုမပြိုကွဲအောင် ကာကွယ်စောင့်ရှောက်နေရသည်။ ဥပဒေရှိသူနှင့်မရှိသူ၊ အပြုသမားနှင့် အဖျက်သမားအကြား ငြိမ်းချမ်းရေးရရှိအောင် ကြိုးစားနေရသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို နည်းလမ်းပေါင်းစုံဖြင့် တည်ဆောက်ပေးနေသည်။ ဒီမိုကရေစီ လိုချင်ကြသည်ဆို၍လည်း ဒီမိုကရေစီလမ်းကြောင်းကို ပုံဖော်ပေးသည်။

၁၃၅ မျိုးသော တိုင်းရင်းသားမျိုးစုံရှိသည့် နိုင်ငံ၊ ဒေသအားလုံးတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းရောနှောနေထိုင်ရာနိုင်ငံ၌ ဒေသကိုအခြေခံသော ဖက်ဒရယ်စနစ်ကသာ အဓိပ္ပာယ်ရှိသည်ဖြစ်၍ ဖက်ဒရယ်အခြေခံ ပြည်ထောင်စုစနစ်ကို မျက်ခြည်ပြတ်မခံ ချီတက်နေသည်။ သဘာဝဘေး၊ ရောဂါကပ်ဘေး၊ စစ်မက်ဘေး ဘေးဆိုးအန္တရာယ်မှန်သမျှ မည်သည့်နေရာမှမချန် မကျန်စေရပါ။ ပြည်သူနှင့် တိုင်းရင်းသားအားလုံး၏ လူမှုစီးပွားဘဝ လိုအပ်ချက်များစွာကို ဟန်ချက်ညီမျှ မျှတအောင် ကြိုးစားဆောင်ရွက်နေရသည်ကို မြင်တတ်ရန်လိုပါသည်။ ကတိပေးထားသည့်အတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးခဲ့သည်မှာ တပ်မတော်၏ သမိုင်းသက်သေတစ်ခုပင်။ သန့်ရှင်းသောရွေးကောက်ပွဲမှ သန့်ရှင်းသော အစိုးရတစ်ရပ် ပေါ်ထွက်လာရေးလမ်းခင်းပေးနိုင်သည့်အတွက် တပ်မတော်အတွက် ဂုဏ်ယူစရာဖြစ်ခဲ့သည်။ တပ်မတော်၏ အန္တိမရည်မှန်းချက်မှာ နိုင်ငံတော်ကြီးထာဝရငြိမ်းချမ်းရေး၊ ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ ထိုရည်မှန်းချက်ကို မျက်ခြည်ပြတ်မခံ လမ်းမလွှဲရန် သတိထားရမည်။

**ဦးဆောင်မှုနေရာက ဘာကြောင့်ရှိနေရပါသလဲ**

ရေရှည်အကျိုးစီးပွားအပျက်မခံလို၍ စိတ်ရှည်သည်းခံပြီး တစ်ဖက်က ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းရင်း တစ်ဖက်က နိုင်ငံတိုးတက်အောင်တည်ဆောက်နေခြင်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့ကတစ်ဖွဲ့ကို ယုံကြည်မှုများ မပျက်ပျက်အောင် ဖျက်ဆီးနေသည့်ကြားမှ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ရှိနေသည့် ယုံကြည်မှုလေး တစ်စွန်းတစ်စမျှ မပျက်ယွင်းရလေအောင် သဘောထားကြီးမှုကို ပြသပေးနေခြင်းဖြစ်သည်။ ထိုသို့ စိတ်ရှည်သည်းခံ သဘောထားအမှန်ကို ဆောင်ယူခြင်းသည် တပ်မတော်၏ အစဉ်မပြတ်ခံယူချက်ဖြစ်သည်။ ဘာကြောင့် ဤသို့သဘောထားမျိုးရှိနိုင်ရပါသလဲ။ အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ဦးဆောင်နေသည့် တပ်မတော်ဖြစ်သည်နှင့်အညီ လူနည်းစုအတွက်မဟုတ် အများအတွက် ကြည့်၍ဖြစ်သည်။

ဤနေရာတွင် တပ်မတော်က အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍ၌ ဘာကြောင့် ဦးဆောင်မှုနေရာမှ ပါဝင်နေရပါသလဲ။ ယနေ့ Institution တစ်ခုအဖြစ် ခိုင်ခိုင်မာမာရပ်တည်နေသည့် တပ်မတော်သည် လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်ပကျူးကျော်မှုနှင့် စစ်ရေးခြိမ်းခြောက်မှုများကို ရင်ဆိုင်တိုက်ခိုက်ခဲ့ရသည်၊ နိုင်ငံရေးအကျပ်အတည်းများမှာ မလွှဲမရှောင်သာ ဝင်ရောက်ဖြေရှင်းပေးခဲ့ရသည်၊ ပြည်ထောင်စုပြိုကွဲမည့် အန္တရာယ်မှန်သမျှ ကာကွယ်ခဲ့ရသည်၊ ဆူပူအကြမ်းဖက်မှုများစွာကို ကူညီဖြေရှင်းပေးခဲ့ရသည့် တပ်မတော်တစ်ရပ်ဖြစ်သည်ကို မမေ့ရန်လိုပါသည်။

**စိတ်ရှည်သည်းခံ၊**

**အပြန်အလှန်နားလည်မှုပေးခြင်းမှ တစ်ဆင့်**

အကြောင်းက အမျိုးသားအကျိုးစီးပွားရေးရှုသည့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ကိန်းနေခြင်းကြောင့်ဖြစ်သည်။ ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားအားလုံးပါဝင်သော ပြည်သူတစ်ရပ်လုံး၏ အကျိုးလိုလား၍လည်း ဖြစ်ပါသည်။ တပ်မတော်သည် နိုင်ငံ၏အရေးအရာများစွာကို အမျိုးသားရေးတာဝန်တစ်ရပ်နှယ် ခံယူထားသည်။ ထို့ကြောင့်လည်း တတ်နိုင်သမျှ စိတ်ရှည်သည်းခံပေးနေခြင်းဖြစ်ပါသည်။ ပြည်သူတစ်ရပ်လုံးက သောင်းကျန်းသူလက်နက်ကိုင်များကင်းစင်မှသာ ဆင်းရဲခြင်းကင်းမည်ဆိုသည်ကို သိသကဲ့သို့ သူပုန်ရှိသည့်တိုင်းပြည် မည်သည့်အခါမျှ မတိုးတက်နိုင်ဆိုသည်ကို တပ်မတော်ကလည်း သိသည်။ သိသည့်ကြားမှ ထာဝရငြိမ်းချမ်းရေးအတွက် ရည်ရွယ်ခြင်းကြောင့်သာ ရှိသမျှ လက်နက်ကိုင်အဖွဲ့အားလုံး ပါနိုင်သမျှပါနိုင်အောင် တပ်မတော်က ကြိုးစားခေါ်ယူနေခြင်းဖြစ်သည်ကို မြင်အောင်ကြည့်ရန်လိုသည်။ နိုင်ငံ၏ အဖိုးတန်လူ့အရင်းအမြစ်များ၊ အသက်အိုးအိမ်စည်းစိမ်များ မဆုံးရှုံးစေရန်လည်း ပါဝင်သည်။

ထို့ကြောင့် ဉာဏ်ပညာရှိရှိ ဆင်ခြင်တုံတရားအပြည့်ဖြင့် အမြော်အမြင်ရှေ့ထား လုပ်ကိုင်နေခြင်းဖြစ်သည်။ ရေရှည်ဖွံ့ဖြိုးရေးအမြင်ဖြင့် ဘက်ပေါင်းစုံမှ ကြိုတင်မြော်တွေးနိုင်၍လည်းဖြစ်သည်။ ထိုအတွေး၊ ထိုခံယူချက်များမှတစ်ဆင့် နားလည်မှုကို ရရှိနိုင်ပါသည်။ ထို့ကြောင့်လည်း အပြန်အလှန်နားလည်မှုမရရအောင် ကြိုးစားပြီး ယုံကြည်မှုမရရအောင် တည်ဆောက်နေခြင်းဖြစ်သည်။ ယုံကြည်မှုအားကောင်းလျှင် စိတ်ဝမ်းကွဲမှုများ ပပျောက်သည်။ ယုံကြည်မှုဆိုသည်မှာ တပ်မတော်နှင့်ပြည်သူအကြား၊ မဏ္ဍိုင်တစ်ခုနှင့်တစ်ခုအကြား၊ တိုင်းရင်းသားများအကြား အပြန်အလှန်ယုံကြည်မှုပင်ဖြစ်သည်။ ယုံကြည်မှုကင်းမဲ့လျှင် ပူးပေါင်းဆောင်ရွက်မှုတွင် အားမကောင်းနိုင်သည့်အချက်ကို လက်တွေ့မြင်ရပြီးဖြစ်သည်။ ထို့ကြောင့် စိတ်ရှည်သည်းခံခြင်းမှသည် အပြန်အလှန်နားလည်မှုကို တည်ဆောက်၊ အပြန်အလှန်နားလည်မှုမှသည် အပြန်အလှန်ယုံကြည်မှုရရှိ၊ ယုံကြည်မှုကို အရင်းတည်သည့် တည်ငြိမ်အေးချမ်းမှုနှင့်အတူ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဆီသို့ မရောက်ရောက်အောင် သွားနေခြင်းဖြစ်ပါသည်။

ယခုအချိန်မှာ နိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် ဆက်လက်လျှောက်လှမ်းနေပါပြီ။ သို့သော် ကမ္ဘာကြီးက မငြိမ်းချမ်းနိုင်ဘဲ နိုင်ငံတကာမှာ ဖြစ်နေသည့် မျက်မှောက်ခေတ်သစ်စစ်ပွဲများကိုသာ တွေ့မြင်နေရသည်။ ပြည်တွင်းပြည်ပ အန္တရာယ်များကားရှိဆဲ၊ ဆက်လက်ရှိနေမည်ဟုလည်း သုံးသပ်ရမည်။ စွမ်းအင်၊ စားရေရိက္ခာငတ်မွတ်မှုစိန်ခေါ်ချက်များက အသင့်စောင့်ကြိုနေသည်ကို မြင်ရမည်။ နိုင်ငံကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြစဉ် ရိုက်ခတ်လာမည့် ဘေးဆိုးအန္တရာယ်များကို မျက်ခြည်ပြတ်၍မရပါ။ ထို့အတွက် တပ်မတော်ကြီး ခိုင်မာတောင့်တင်းနေရန်လိုအပ်သည်။ ပြည်သူများ စည်းလုံးညီညွတ်နေရန်လိုသည်။ ပါတီစုံဒီမိုကရေစီလမ်းကြောင်း ဖြောင့်မတ်နေရန်လိုသည်။ ပြည်သူနှင့် တပ်မတော်အင်အား၊ အမျိုးသားညီညွတ်မှုအားဖြင့် ပြည်ထောင်စုကြီးအင်အားရှိနေရန် လိုအပ်သည်။ နိုင်ငံသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်အတွေ့အကြုံသင်ခန်းစာများအရ တပ်မတော်မရှိလျှင်မဖြစ်သည့် အနေအထားတွင် တပ်မတော်မရှိဘဲ နိုင်ငံတစ်နိုင်ငံသည် မည်သို့မျှ ရပ်တည်နိုင်စွမ်းမရှိဟူသော အဖြေရ၍ တပ်မတော်သည်သာ နိုင်ငံ၏ အဓိကအင်အားစုဖြစ်သည်ကို တွေ့မြင်နိုင်သည်။

ထို့အတွက် နိုင်ငံ၏ လူငယ်စွမ်းအားအရင်းအမြစ်ကို အကောင်းဆုံးအသုံးချနိုင်ခဲ့သဖြင့် ပြည်သူ့စစ်မှုထမ်းနှင့် အမျိုးသမီးစစ်မှုထမ်းများသည် ယခုအခါ နိုင်ငံ၏ကာကွယ်ရေးအင်အားများအဖြစ် နိုင်ငံ့တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြပါပြီ။ လူသားအရင်းအမြစ်အပြင် ကြည်း၊ ရေ၊ လေ လက်နက်၊ ပစ္စည်းအင်အားနှင့် စွမ်းပကားကိုလည်း တိုးချဲ့အဆင့်မြှင့်တင်ပြီး နိုင်ငံတကာအဆင့်မီ စွမ်းရည်ထက်မြက်သည့် တပ်မတော်တစ်ရပ်ဖြစ်အောင် ကြိုးစားတည်ဆောက်နေသည်ကို တွေ့ရပေမည်။ နည်းပညာဖြင့် အဆင့်မြှင့်၊ ဝယ်ယူဖြည့်တင်းသင့်သည်ကို ဖြည့်ဆည်း၊ ကိုယ်ပိုင်ထုတ်လုပ်နိုင်သည်ကို ကိုယ်တိုင်ထုတ်လုပ်လာနိုင်ခဲ့ပါသည်။ စစ်ဘက်၏ စုစည်းမှုအားကောင်းသော အရင်းအမြစ်များကို စွမ်းဆောင်ရည်ရှိရှိ စနစ်တကျ အသုံးချနိုင်မှု၊ နည်းပညာကို မျှဝေဖလှယ်နိုင်ခဲ့မှုများသည် မြန်မာ့တပ်မတော်၏ အားသာချက်များ ဖြစ်ခဲ့ပါသည်။

သည့်အခါ စစ်လက်နက်အသုံးအဆောင်ပစ္စည်းများသည် ယခင်ကထက်ပို၍ ခေတ်မီလာသည်။ မိတ်ဖက်နိုင်ငံများနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာခဲ့ခြင်းဖြင့် တပ်မတော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမှသည် နိုင်ငံတကာဆက်ဆံရေးဝန်းကျင်ကောင်းများ ဖန်တီးနိုင်ခဲ့သည်ကို တွေ့ရသည်။

**စစ်ပွဲမဟုတ်သော စစ်ဆင်ရေးများဖြင့် ...**

မြန်မာ့တပ်မတော်၏ ခေတ်အဆက်ဆက် ပြည်သူကို အလုပ်အကျွေးပြုသည့် ဆောင်ရွက်ချက်ကောင်းများစွာ၏ရလဒ်များကို တိုင်းတာရာတွင် ရန်သူအတွက် စစ်ပွဲမဟုတ်သည့် ပြည်သူ့အတွက် စစ်ဆင်ရေးများစွာနှင့်လည်း တိုင်းတာနိုင်ပါသည်။ စစ်ရေးအမြင်တစ်ခုတည်းမဟုတ်ဘဲ စစ်ပွဲမဟုတ်သည့် စစ်ဆင်ရေးများအဖြစ် စစ်ဘက်– အရပ်ဘက် ဆက်ဆံရေးကောင်းများစွာကို တည်ဆောက်နိုင်ခဲ့ပါသည်။ စစ်ဘက်၏ စုစည်းမှုအားကောင်းသော အရင်းအမြစ်များကို စွမ်းဆောင်ရည်ရှိရှိ စနစ်တကျ အသုံးချနိုင်မှု၊ နည်းပညာကို မျှဝေဖလှယ်နိုင်ခဲ့မှုများသည် မြန်မာ့တပ်မတော်၏ အားသာချက်များ ဖြစ်ခဲ့ပါသည်။

ထိုအားသာချက်များဖြင့် ပြည်သူတို့၏ လူမှုဘဝလုံခြုံရေးကို တာဝန်ယူ၍ နိုင်ငံ၏ပုံရိပ်ကို မြှင့်ပေးနိုင်ခဲ့သည်ကို တွေ့ရသည်။ သာဓကပြရလျှင် သမားရိုးကျမဟုတ်သည့် ကိုဗစ်–၁၉ ကပ်ဆိုးကြီးကဲ့သို့သော စိန်ခေါ်မှုများကို ခက်ခက်ခဲခဲ ရင်ဆိုင်ခဲ့ရစဉ်က တပ်မတော်ကို အဓိကမဏ္ဍိုင်ထား၍ စစ်ဘက်–အရပ်ဘက် အကောင်းဆုံး ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့မှုများကို ပြသနိုင်ပါသည်။ လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိဟူသောမူအောက်တွင် ကန့်သတ်ပိတ်ဆို့မှုများကို အလေးမထား၊ စစ်သည်–အရပ်သားမခွဲခြားဘဲ တပ်မတော်ဆေးရုံများတွင် လက်ခံကုသပေးခဲ့သည်။

ဒုက္ခရောက်ပြည်သူများ၊ သံဃာသီလရှင်များကို ကူညီစောင့်ရှောက်နိုင်ခဲ့သည်။ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီသောဒေသများရှိ သန်းနှင့်ချီသည့်ပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်ကို တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့များက နယ်လှည့်ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ သဘာဝဘေးအန္တရာယ်ကျရောက်သည့် နိုင်ငံအနှံ့ မည်သည့်နေရာမဆို တပ်မတော်တပ်ရင်းတပ်ဖွဲ့များ ချက်ချင်းရောက်သည်။ အချိန်ပိုင်းအတွင်း တုံ့ပြန်နိုင်စွမ်းရှိသည်။

> **“ယခုအချိန်မှာ နိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် ဆက်လက်လျှောက်လှမ်းနေပါပြီ။ သို့သော် ကမ္ဘာကြီးက မငြိမ်းချမ်းနိုင်ဘဲ နိုင်ငံတကာမှာဖြစ်နေသည့် မျက်မှောက်ခေတ်သစ်စစ်ပွဲများကိုသာ တွေ့မြင်နေရသည်။ ပြည်တွင်းပြည်ပ အန္တရာယ်များကားရှိဆဲ၊ ဆက်လက်ရှိနေမည်ဟုလည်း သုံးသပ်ရမည်။ စွမ်းအင်၊ စားရေရိက္ခာငတ်မွတ်မှုစိန်ခေါ်ချက်များက အသင့်စောင့်ကြိုနေသည်ကို မြင်ရမည်။ နိုင်ငံကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြစဉ် ရိုက်ခတ်လာမည့် ဘေးဆိုးအန္တရာယ်များကို မျက်ခြည်ပြတ်၍မရပါ။ ထို့အတွက် တပ်မတော်ကြီး ခိုင်မာတောင့်တင်းနေရန်လိုအပ်သည်။ ပြည်သူများ စည်းလုံးညီညွတ်နေရန်လိုသည်။ ပါတီစုံဒီမိုကရေစီလမ်းကြောင်း ဖြောင့်မတ်နေရန်လိုသည်။ ပြည်သူနှင့် တပ်မတော်အင်အား၊ အမျိုးသားညီညွတ်မှုအားဖြင့် ပြည်ထောင်စုကြီး အင်အားရှိနေရန် လိုအပ်”**

စာမျက်နှာ ၇ သို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ Naypyitaw State Academy ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက Naypyitaw State Academy ၌ ၂၀၂၅–၂၀၂၆ ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ်(ဥပဒေ)၊ ပထမနှစ် ဂုဏ်ထူးတန်း၊ ဒုတိယနှစ် ဂုဏ်ထူးတန်း၊ တတိယနှစ်ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်း၊ မဟာတန်း ပထမနှစ်နှင့် မဟာတန်းဒုတိယနှစ် သင်တန်းများ၏ ပထမပညာသင်ကာလ စာမေးပွဲများတွင် တက္ကသိုလ်ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

Naypyitaw State Academy ၏ ၂၀၂၅–၂၀၂၆ ပညာသင်နှစ် ပထမပညာသင်ကာလ စာမေးပွဲများကို မတ် ၁၆ ရက်မှ ၂၄ ရက်အထိ ကျင်းပလျက်ရှိပြီး ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး၊ စာမေးပွဲလုပ်ငန်းများ အဆင်ပြေချောမွေ့ရေး ဖြည့်ဆည်းဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။



နေပြည်တော်ကောင်စီ နယ်မြေရှိ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာန စုစုပေါင်း ၄၉ ခု၌ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရန် ကျောင်းသား ကျောင်းသူ ၁၄၉၁၄ ဦး စာရင်းပေးသွင်းကြပြီး ဆဋ္ဌမနေ့ ဇီဝဗေဒနှင့် ဘောဂဗေဒ ဘာသာရပ်ဖြေဆိုသူ ၁၄၀၈၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး၌ ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းပွဲကျင်းပ

**ပဲခူး မတ် ၁၇**

၂၀၂၆ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဂုဏ်ထူးဆောင် လက်မှတ်များ၊ ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို "ကမ်းလင့်ကြိုမည် ပဲခူးတိုင်းဌာနီ" သီချင်းဖြင့် ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး အတွင်း စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှု၊ စီမံခန့်ခွဲရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ လုံခြုံရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး စသည့်ကဏ္ဍအသီးသီးတွင် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့သူ ၂၂၆ ဦးအား ဂုဏ်ထူးဆောင်ဆုတံဆိပ်၊ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ကြစေ လိုကြောင်း ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ထူးချွန်ဆုရရှိသူများအား ဂုဏ်ထူးဆောင်ဆုတံဆိပ်၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တေးသံရှင်များက "လူချွန်လူကောင်း၊ လုလင်ငယ်သွေး၊ သပြေညို၊ အောင်မြင်ခြင်း အတူတူ" စသည့်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ၂၀၂၆ ခုနှစ် နွေရာသီလူငယ်ရေးရာဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု ကြည့်ရှုအားပေး

**စစ်တွေ မတ် ၁၇**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် နွေရာသီ လူငယ်ရေးရာ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာသင်တန်းများ ဖွင့်လှစ် သင်ကြားပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်သည် ဓညဝတီအားကစားခန်းမ၌ ဘော်လီဘော သင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုရာ ကစားသမားများက အခြေခံ လက်ပူးမ၊ လက်ဖျားတောက်ခြင်း တို့ကို ဘောလုံးမဲ့ပြသခြင်း၊ အခြေခံလက်ပူးမကို ဘောလုံးဖြင့် သရုပ်ပြသခြင်းနှင့် ဘောလုံး ရိုက်ခုတ်မှုတို့ကို သရုပ်ပြသကြကာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအား အားပေးစကား ပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။ (ဝဲပုံ)



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေခရိုင်ပညာရေးမှူးရုံး ပညာရောင်ခြည်ခန်းမ၌ ဖွင့်လှစ် သင်ကြားလျက်ရှိသည့် အေရိုးဗစ်သင်တန်းတွင် သင်တန်းသူများက အေရိုးဗစ် အခြေခံ ကကွက်များဖြင့် သရုပ်ပြသမှုကို ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသူများအား အားပေးစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ဓညဝတီ အားကစားကွင်း၌ အမျိုးသား၊ အမျိုးသမီး ဘောလုံးသင်တန်းနှင့် ပြေးခုန်ပစ်သင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို လှည့်လည်ကြည့်ရှုပြီး အားပေးစကားပြောကြားကာ သင်တန်းအလိုက် သင်တန်းသား သင်တန်းသူများအား ချီးမြှင့်ငွေများပေးအပ်သည်။

ယနေ့ မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး မြေစာရင်းဦးစီးဌာန ဦးစီးမှူးက ဆွေးနွေးဆုံးဖြတ်ရန်ရှိသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်ကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်သုံးသပ်ဆွေးနွေး၍ နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း**

**(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

လူမှုဘဝလုံခြုံရေးမှသည် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကိုလည်း စစ်ဆင်ရေးပမာ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရသည်။ အထူးသဖြင့် တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းများ၏ ပညာရည်မြှင့်တင်ရေးအပိုင်းမှာ အထူးအားထည့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ နိုင်ငံကို ပညာဖြင့်တည်ဆောက်ရာတွင် တပ်မတော်က တစ်စိတ်တစ်ပိုင်း ပံ့ပိုးကူညီပါဝင်နေခြင်းကို မြင်အောင်ကြည့်ရပါမည်။ တပ်ကိုတည်ဆောက်ရာအချက်လေးချက်အနက် စိတ်ဓာတ်ဖြင့် တည်ဆောက်ဆိုသည့်အချက်တစ်ခု ပါဝင်နေရာ ပညာအခြေခံသောစိတ်ဓာတ်ဖြင့် တပ်ကိုကောင်းအောင် တည်ဆောက်နေမှုကို ပြသရာလည်း ရောက်ပါသည်။

(၈၁) နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ယခုဆောင်းပါးကို ယနေ့ဖြစ်ပွားနေသည့် အရှေ့အလယ်ပိုင်းပဋိပက္ခကို မြင်အောင်ကြည့်ရန် တိုက်တွန်းလျက် နိဂုံးချုပ်လိုပါသည်။ နိုင်ငံအချင်းချင်း လက်နက်ကိုင်ပဋိပက္ခကြားက မြေစာပင် ဖြစ်ရသည့် အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်တွေ ဘယ်လောက်ထိခိုက်နစ်နာဆုံးရှုံးနေရပါသလဲ။ အနှစ်နှစ် အလလ ထူထောင်ထားသည့် နိုင်ငံ၏ အရင်းအမြစ်များစွာ ဘယ်လောက်ဆုံးရှုံးသွားခဲ့ပြီလဲ။ မြင်နိုင်ပါလိမ့်မည်။ စစ်ဆိုတာ မဖြစ်တာ အကောင်းဆုံးပါ။ ဖြစ်ခဲ့လျှင်လည်း ခံနိုင်ရည်ရှိမှဖြစ်သည်။ ခံနိုင်ရည်ရှိဖို့ကလည်း တပ်မတော်အင်အားတောင့်တင်းမှ၊ နိုင်ငံအားကောင်းမှ ဖြစ်မည်ဆိုသည်ကို သတိရစေချင်သည်။

ထို့ကြောင့် လက်နက်ကိုင်အဖျက်သမားများက စစ်ကို မဖန်တီးနိုင်အောင် ပြည်သူများက တပ်မတော်နှင့် ပူးပေါင်းရမည်။ တပ်မတော်ကို ကူညီရပါမည်။ တပ်မတော်နှင့်ပြည်သူ အပြန်အလှန်ကူညီ၍ တပ်မတော်၏ ဂုဏ်၊ နိုင်ငံ၏ဂုဏ်ကို ဆက်လက်ထိန်းသိမ်းကြရပါမည်။ ။

❍ ❍ ❍

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

# တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၆၂၄ ဦးရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုသူ ၃၃၆၄ ဦးရှိ

နေပြည်တော် မတ် ၁၇

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားစာစစ်ဌာနအပါဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ကျင်းပသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၆ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၇၁ ခု စာစစ်ဌာန စုစုပေါင်း ၈၈၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၆၈၇၅၃ ဦးရှိပြီး စာမေးပွဲ ဆဋ္ဌမနေ့တွင် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၆၂၄ ဦး၊ ပျက်ကွက် ၁၄၁၂၉ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၇၄ ရာခိုင်နှုန်းရှိသည်။

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို ပြည်တွင်းစာစစ်ဌာန စုစုပေါင်း ၅၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စက်မှုအတတ်ပညာဘာသာတွဲ၊ စိုက်ပျိုးရေးအတတ်ပညာဘာသာတွဲနှင့် မွေးမြူရေး အတတ်ပညာဘာသာတွဲများဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၃၃၈၆ ဦးရှိပြီး စာမေးပွဲ ဆဋ္ဌမနေ့တွင် စက်မှုကျောင်းသား ကျောင်းသူများက လက်သမားအတတ်ပညာနှင့် သစ်သားလုပ်ငန်း၊ စက်မှုလုပ်ငန်းသုံး လျှပ်စစ်မော်တာထိန်းချုပ်မှု၊ စက်ခုတ်စားမှုနည်းပညာဘာသာရပ်များ၊ စိုက်ပျိုးရေး ကျောင်းသား ကျောင်းသူများက လူမှုရေးသိပ္ပံဘာသာရပ်နှင့် မွေးမြူရေးကျောင်းသား ကျောင်းသူများက စားမြုံ့ပြန်သတ္တဝါ မွေးမြူထုတ်လုပ်ရေး ဘာသာရပ်တို့ကို ဖြေဆိုကြကာ လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၃၆၄ ဦး၊ ပျက်ကွက် ၂၂ ဦးရှိပြီး ဖြေဆိုသူ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- ဇီဝဗေဒ+ဘောဂဗေဒ

နေ့စွဲ - ၁၇.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၅ | ၁၀ | ၂၃ | ၄၅၄၃ | ၇၆၃၇ | ၁၂၁၈၀ | ၄၂၃၅ | ၇၃၈၈ | ၁၁၆၂၃ | ၃၀၈ | ၂၄၉ | ၅၅၇ | ၉၅.၄၃% | ၄.၅၇% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉၈ | ၂၉၉ | ၄၉၇ | ၁၈၃ | ၂၈၈ | ၄၇၁ | ၁၅ | ၁၁ | ၂၆ | ၉၄.၇၇% | ၅.၂၃% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၂၉၁ | ၂၅၅၉ | ၃၈၅၀ | ၁၁၈၇ | ၂၄၆၉ | ၃၆၅၆ | ၁၀၄ | ၉၀ | ၁၉၄ | ၉၅.၂၀% | ၄.၇၉% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၃၄၉ | ၅၆၆ | ၉၁၅ | ၃၁၇ | ၅၂၁ | ၈၃၈ | ၃၂ | ၄၅ | ၇၇ | ၉၁.၅၈% | ၈.၄၂% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၄၀ | ၅၂၁၀ | ၈၀၇၃ | ၁၃၂၈၃ | ၄၇၉၈ | ၇၇၀၂ | ၁၂၅၀၀ | ၄၁၂ | ၃၇၁ | ၇၈၃ | ၉၄.၁၁% | ၅.၈၉% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၇ | ၂၂၄၀ | ၄၀၈၃ | ၆၃၂၃ | ၂၁၀၂ | ၃၈၈၈ | ၅၉၉၀ | ၁၃၈ | ၁၉၅ | ၃၃၃ | ၉၄.၇၃% | ၅.၂၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၄၀ | ၆၀၉၅ | ၉၃၃၀ | ၁၅၄၂၅ | ၅၆၃၁ | ၈၉၇၆ | ၁၄၆၀၇ | ၄၆၄ | ၃၅၄ | ၈၁၈ | ၉၄.၇၀% | ၅.၃၀% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၅၃၄၈ | ၇၂၉၃ | ၁၂၆၄၁ | ၄၈၅၆ | ၆၉၉၅ | ၁၁၈၅၁ | ၄၉၂ | ၂၉၈ | ၇၉၀ | ၉၃.၇၅% | ၆.၂၅% | |
| ၉ | မကွေး | ၇ | ၂၂ | ၅၂ | ၈၈၈၃ | ၁၃၂၀၂ | ၂၂၀၈၅ | ၈၃၄၀ | ၁၂၈၆၂ | ၂၁၂၀၂ | ၅၄၃ | ၃၄၀ | ၈၈၃ | ၉၆.၀၀% | ၄.၀၀% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၁၀၈ | ၂၀၅၃၇ | ၂၇၀၁၂ | ၄၇၅၄၉ | ၁၉၂၄၆ | ၂၆၁၆၇ | ၄၅၄၁၃ | ၁၂၉၁ | ၈၄၅ | ၂၁၃၆ | ၉၅.၅၁% | ၄.၄၉% | |
| ၁၁ | မွန် | ၄ | ၁၀ | ၃၀ | ၃၆၇၀ | ၇၂၆၄ | ၁၀၉၃၄ | ၃၄၈၉ | ၇၀၄၄ | ၁၀၅၃၃ | ၁၈၁ | ၂၂၀ | ၄၀၁ | ၉၆.၃၃% | ၃.၆၇% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၁၀ | ၈၅၆ | ၉၄၃ | ၁၇၉၉ | ၇၈၇ | ၈၉၉ | ၁၆၈၆ | ၆၉ | ၄၄ | ၁၁၃ | ၉၃.၇၂% | ၆.၂၈% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၁၀၇ | ၂၂၂၃၁ | ၂၇၀၂၅ | ၄၉၂၅၆ | ၂၀၇၀၁ | ၂၆၀၀၁ | ၄၆၇၀၂ | ၁၅၃၀ | ၁၀၂၄ | ၂၅၅၄ | ၉၄.၈၁% | ၅.၁၉% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၈ | ၅၁၅၅ | ၈၇၄၇ | ၁၃၉၀၂ | ၄၈၈၄ | ၈၄၈၆ | ၁၃၃၇၀ | ၂၇၁ | ၂၆၁ | ၅၃၂ | ၉၆.၁၇% | ၃.၈၃% | |
| ၁၅ | ရှမ်း(မြောက်) | ၄ | ၇ | ၈ | ၆၆၇ | ၁၁၁၃ | ၁၇၈၀ | ၆၂၈ | ၁၀၅၈ | ၁၆၈၆ | ၃၉ | ၅၅ | ၉၄ | ၉၄.၇၂% | ၅.၂၈% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၈၁၈ | ၁၂၆၁ | ၂၀၇၉ | ၇၅၂ | ၁၂၁၅ | ၁၉၆၇ | ၆၆ | ၄၆ | ၁၁၂ | ၉၄.၆၁% | ၅.၃၉% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၇ | ၁၇၃၇၇ | ၂၁၉၅၀ | ၃၉၃၂၇ | ၁၅၅၁၈ | ၂၀၉၀၂ | ၃၆၄၂၀ | ၁၈၅၉ | ၁၀၄၈ | ၂၉၀၇ | ၉၂.၆၁% | ၇.၃၉% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၉ | ၆၇၁၅ | ၈၁၉၉ | ၁၄၉၁၄ | ၆၂၀၁ | ၇၈၈၄ | ၁၄၀၈၅ | ၅၁၄ | ၃၁၅ | ၈၂၉ | ၉၄.၄၄% | ၅.၅၆% | |
| ၁၉ | နိုင်ငံခြား | | ၁၃ | ၁၆ | ၈ | ၁၆ | ၂၄ | ၈ | ၁၆ | ၂၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၅ | ၂၆၆ | ၈၈၇ | ၁၁၂၁၉၁ | ၁၅၆၅၆၂ | ၂၆၈၇၅၃ | ၁၀၃၈၆၃ | ၁၅၀၇၆၁ | ၂၅၄၆၂၄ | ၈၃၂၈ | ၅၈၀၁ | ၁၄၁၂၉ | ၉၄.၇၄% | ၅.၂၆% | |

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ် - စက်မှုအတတ်ပညာ(လက်သမားအတတ်ပညာနှင့် သစ်သားလုပ်ငန်း၊ စက်မှုလုပ်ငန်းသုံး လျှပ်စစ်မော်တာထိန်းချုပ်မှု၊ စက်ခုတ်စားမှုနည်းပညာ) + စိုက်ပျိုးရေးအတတ်ပညာ(လူမှုရေးသိပ္ပံ)+မွေးမြူရေးအတတ်ပညာ (စားမြုံ့ပြန်သတ္တဝါမွေးမြူထုတ်လုပ်ရေး)

နေ့စွဲ - ၁၇.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၂ | ၃ | ၃ | ၁၀၉ | ၉၁ | ၂၀၀ | ၁၀၉ | ၉၁ | ၂၀၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၃ | ၁၃ | ၂၆ | ၁၃ | ၁၃ | ၂၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၃ | ကရင် | ၁ | ၁ | ၂ | ၇၀ | ၄၂ | ၁၁၂ | ၇၀ | ၄၂ | ၁၁၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၅ | ၁၂ | ၂၇ | ၁၅ | ၁၂ | ၂၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၅ | စစ်ကိုင်း | ၄ | ၅ | ၅ | ၁၈၆ | ၁၉၆ | ၃၈၂ | ၁၈၅ | ၁၉၂ | ၃၇၇ | ၁ | ၄ | ၅ | ၉၈.၆၉% | ၁.၃၁% | |
| ၆ | တနင်္သာရီ | ၂ | ၂ | ၂ | ၂၉ | ၉ | ၃၈ | ၂၉ | ၉ | ၃၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၇ | ပဲခူး(ရှေ့) | ၂ | ၃ | ၃ | ၁၃၅ | ၈၁ | ၂၁၆ | ၁၃၅ | ၈၁ | ၂၁၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ၂ | ၃ | ၃ | ၁၃၆ | ၈၆ | ၂၂၂ | ၁၃၄ | ၈၅ | ၂၁၉ | ၂ | ၁ | ၃ | ၉၈.၆၅% | ၁.၃၅% | |
| ၉ | မကွေး | ၄ | ၅ | ၅ | ၂၁၁ | ၁၄၀ | ၃၅၁ | ၂၀၇ | ၁၃၈ | ၃၄၅ | ၄ | ၂ | ၆ | ၉၈.၂၉% | ၁.၇၁% | |
| ၁၀ | မန္တလေး | ၄ | ၅ | ၆ | ၂၀၈ | ၁၂၁ | ၃၂၉ | ၂၀၆ | ၁၂၁ | ၃၂၇ | ၂ | ၀ | ၂ | ၉၉.၄၁% | ၀.၅၉% | |
| ၁၁ | မွန် | ၂ | ၂ | ၂ | ၃၁ | ၂၆ | ၅၇ | ၃၁ | ၂၆ | ၅၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၇ | ၄ | ၁၁ | ၇ | ၄ | ၁၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၃ | ရန်ကုန် | ၄ | ၄ | ၄ | ၂၄၄ | ၁၅၈ | ၄၀၂ | ၂၄၄ | ၁၅၈ | ၄၀၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၃ | ၃ | ၁၇၃ | ၂၀၀ | ၃၇၃ | ၁၇၂ | ၂၀၀ | ၃၇၂ | ၁ | ၀ | ၁ | ၉၉.၇၃% | ၀.၂၇% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၂ | ၂ | ၄ | ၂ | ၂ | ၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၁ | ၁ | ၂ | ၂၁ | ၈ | ၂၉ | ၂၁ | ၈ | ၂၉ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၇ | ဧရာဝတီ | ၄ | ၆ | ၆ | ၂၇၂ | ၉၅ | ၃၆၇ | ၂၆၉ | ၉၃ | ၃၆၂ | ၃ | ၂ | ၅ | ၉၈.၆၄% | ၁.၃၆% | |
| ၁၈ | နေပြည်တော် | ၂ | ၃ | ၃ | ၁၄၃ | ၈၇ | ၂၃၀ | ၁၄၃ | ၈၇ | ၂၃၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၄၁ | ၅၀ | ၅၃ | ၂၀၀၅ | ၁၃၈၁ | ၃၃၈၆ | ၁၉၉၂ | ၁၃၇၂ | ၃၃၆၄ | ၁၃ | ၉ | ၂၂ | ၉၉.၃၅% | ၀.၆၅% | |

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့ ဆက်လက်ဖြေဆို












**နေပြည်တော် မတ် ၁၇**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင် စာမေးပွဲများကို မတ် ၁၁ ရက်မှ စတင်ကျင်းပခဲ့ရာ ယနေ့ စာမေးပွဲဖြေဆိုမှု ဆဋ္ဌမနေ့တွင် သက်ဆိုင်ရာဘာသာရပ်များဖြစ်သည့် ဇီဝဗေဒဘာသာရပ်၊ ဘောဂဗေဒဘာသာရပ်၊ စက်မှုအတတ်ပညာတွင် (လက်သမား အတတ်ပညာနှင့် သစ်သားလုပ်ငန်း ဘာသာရပ်၊ စက်မှုလုပ်ငန်းသုံးလျှပ်စစ်မော်တာထိန်းချုပ်မှုဘာသာရပ်၊ စက်ခုတ်စားမှု နည်းပညာဘာသာရပ်)၊ စိုက်ပျိုးရေး အတတ်ပညာတွင် (လူမှုရေးသိပ္ပံဘာသာရပ်) နှင့် မွေးမြူရေး အတတ်ပညာတွင် (စားမြံ့ပြုန်သတ္တဝါ မွေးမြူထုတ်လုပ်ရေးဘာသာရပ်) များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများက စိတ်အေးချမ်းသာစွာ ဖြေဆိုခဲ့ကြသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်း မပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲများဖြေဆိုကြရာတွင် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနများနှင့် နိုင်ငံခြားစာစစ်ဌာန အပါအဝင် စာစစ်ဌာနစုစုပေါင်း ၈၈၇ ခု၌ ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၆၂၄ ဦး (၉၄ ဒသမ ၇၄ ရာခိုင်နှုန်း)ဖြင့် လည်းကောင်း၊ စက်မှု အတတ်ပညာတွင် (လက်သမား အတတ်ပညာနှင့် သစ်သားလုပ်ငန်း ဘာသာရပ်၊ စက်မှုလုပ်ငန်းသုံးလျှပ်စစ်မော်တာထိန်းချုပ်မှုဘာသာရပ်၊ စက်ခုတ်စားမှုနည်းပညာ ဘာသာရပ်)၊ စိုက်ပျိုးရေး အတတ်ပညာတွင် (လူမှုရေးသိပ္ပံဘာသာရပ်) နှင့် မွေးမြူရေး အတတ်ပညာတွင် (စားမြံ့ပြန်သတ္တဝါ မွေးမြူထုတ်လုပ်ရေးဘာသာရပ်) တို့ကို စာစစ်ဌာန ၅၃ ခု၌ ဖြေဆိုသူ စုစုပေါင်း ၃၃၆၄ ဦး (၉၉ ဒသမ ၃၅ ရာခိုင်နှုန်း)ဖြင့်လည်းကောင်း အသီးသီး ဖြေဆိုခဲ့ကြကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဖြေဆိုနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဆဋ္ဌမနေ့တွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူတို့၏ စကားသံများကို ယခုလို ကြားသိခဲ့ရပါသည်-

၁။ အခုဖြေဆိုနေတဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို ကလေးတွေအနေနဲ့ အေးချမ်းစွာ ဖြေဆိုနိုင်ခဲ့ကြပါတယ်။ အခုလို ဖြေဆိုနိုင်ဖို့အတွက် ကလေးတွေအနေနဲ့လည်း သင်ယူထားတဲ့ လေ့ကျင့်ခန်းတွေကို ကောင်းမွန်စွာ ကျက်မှတ်လေ့ကျင့်ခဲ့ကြပါတယ်။ အခုလို စာမေးပွဲကို ကောင်းမွန်စွာ ဖြေဆိုနိုင်ဖို့အတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ တာဝန်ရှိကြီးကြပ်ရေးမှူး ဆရာမကြီးနဲ့ တကွ လက်ထောက်ကြီးကြပ်ရေးမှူး ဆရာ ဆရာမတွေအနေနဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြပါတယ်။ ကလေးတွေ ဖြေဆိုဖို့အတွက် သက်ဆိုင်ရာဘာသာရပ် ဆရာ ဆရာမတွေဘက်ကလည်း ကလေးတွေအတွက် အချိန်ပိုတွေ ခေါ်ယူသင်ကြားပေးတာတွေ၊ မေးခွန်းဟောင်းတွေ လေ့ကျင့်ပေးတာတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။ ကလေးတွေအနေနဲ့လည်း အေးချမ်းစွာ ဖြေဆိုနိုင်ခဲ့ကြပါတယ်။ ဒီကျောင်းကြီးမှာ အနာဂတ်မှာ စက်မှုစိုက်ပျိုးမွေးမြူရေး ကဏ္ဍတွေမှာ ထူးချွန်ထက်မြက်တဲ့ ကျောင်းသားလူငယ်တွေ ပေါ်ထွန်းလာဖို့အတွက် ဆုတောင်းမေတ္တာပို့သလိုက်ရပါတယ်။

၂။ ကလေးအပေါ်မှာတော့ မူတည်တာပေါ့။ ကလေးက အမှတ်ကောင်းလာရင်တော့ ကျွန်တော်ကတော့ ကျွန်တော့်ရည်မှန်းချက်အောင်မြင်ပြီလို့ တွက်ပါတယ်။ ကျောင်းသားတွေလည်း ကြိုးစားကြပါ။ G -12 စာမေးပွဲကို နှစ်ချင်းပေါက်အောင်မြင်အောင် ကြိုးစားကြပါလို့ ကျွန်တော်က ပြောချင်ပါတယ်။

၃။ Bio တွဲနဲ့ဖြေတာပါ။ ကျေနပ်အားရမှုအရှိဆုံးကတော့ သင်္ချာရယ်၊ ရူပဗေဒရယ်ကတော့ ကျေနပ်အားရမှုရှိပါတယ်။ ဖြစ်ချင်တာက ဆရာဝန်ပေါ့။ ဒါပေမယ့်လည်း အမှတ်စာရင်းကြည့်ပြီးမှ ရတဲ့အမှတ်အပေါ် မူတည်ပြီး တက္ကသိုလ်တက်ဖို့ ရွေးချယ်သွားပါမယ်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲများကို မတ် ၁၁ ရက်မှ စတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ယနေ့တွင် စာမေးပွဲဖြေဆိုမှု နောက်ဆုံးရက်အဖြစ် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်ကြောင်းနှင့် ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင် စာမေးပွဲများကို မတ် ၁၈ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပပြီးစီး၊ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြေဆိုခဲ့ကြ

**ရန်ကုန် မတ် ၁၇**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင် စာမေးပွဲကို ယနေ့နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင် ၁၄ ခုမှ မြို့နယ် ၄၅ မြို့နယ်ရှိ စာစစ်ဌာန ၁၁၁ ခုတွင် စာစစ်ဌာန ၁၀၇ ခု၌ တက္ကသိုလ်ဝင်စာမေးပွဲ၏ သိပ္ပံ/ ဝိဇ္ဇာဘာသာရပ်များ နောက်ဆုံးဖြေဆိုမှုအဖြစ် ဇီဝဗေဒ၊ ဘောဂဗေဒဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုခဲ့ကြသည်။



စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ၌ စက်မှုအတတ်ပညာ ဘာသာတွဲတွင် (လက်သမား အတတ်ပညာနှင့် သစ်သားလုပ်ငန်း၊ စက်မှုလက်မှုသုံး လျှပ်စစ်မော်တာထိန်းချုပ်မှုနှင့် စက်ခုတ်စားမှုနည်းပညာ)၊ စိုက်ပျိုးရေးအတတ်ပညာ ဘာသာတွဲတွင် (လူမှုရေးသိပ္ပံ)နှင့် မွေးမြူရေး အတတ်ပညာဘာသာတွဲတွင် (စားမြံ့ပြန်သတ္တဝါမွေးမြူထုတ်လုပ်ရေးဘာသာရပ်)တို့ကို စာစစ်ဌာန လေးခု၌ ကျောင်းသား ၂၄၄ ဦး၊ ကျောင်းသူ ၁၅၈ ဦးဖြင့် စုစုပေါင်း ၄၀၂ ဦး ပျက်ကွက်သူမရှိဘဲ ဖြေဆိုကြကာ အင်းစိန် ဗဟိုအကျဉ်းထောင်စာစစ်ဌာန၌ ကျောင်းသား ၃၃ ဦး၊ ကျောင်းသူ သုံးဦး စုစုပေါင်း ၃၆ ဦး၊ မင်္ဂလာဒုံ၊ သဃ်န်းကျွန်း၊ ဒဂုံ(မြောက်)၊ မြောက်ဥက္ကလာပ၊ ဗဟန်းနှင့် လမ်းမတော်မြို့နယ်ရှိ ဆေးရုံတို့၌ ကျောင်းသားတစ်ဦး၊ ကျောင်းသူ ခြောက်ဦး စုစုပေါင်း ခုနစ်ဦး ဖြေဆိုခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနများသို့ ကျောင်းသား ကျောင်းသူများ သွားလာရေး အဆင်ပြေချောမွေ့စေရန် ယာဉ်ထိန်းတပ်ဖွဲ့နှင့် စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရန် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များကလည်းကောင်း၊ ကျန်းမာရေးအတွက် သက်ဆိုင်ရာမြို့နယ်များမှ ကျန်းမာရေးမှူးများနှင့် ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့များကလည်းကောင်း စတင်ဖြေဆိုချိန်မှ ပြီးဆုံးချိန်အထိ စောင့်ကြပ်ပေးခဲ့ကြသည်။

မတ် ၁၈ ရက်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် နောက်ဆုံးဘာသာအဖြစ် စက်မှုအတတ်ပညာဘာသာတွဲ၌ မြို့ပြပုံဆွဲ၊ အခြေခံပရိုဂရမ်မိတ်ဆက်နှင့် စက်မှုပုံဆွဲဘာသာရပ်တို့ကို ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဓာတ်ပုံ - ကနူး ၊ ညိမ်းသူ**

## နေ့စဉ် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ ဂုဏ်ပြုဆောင်းပါး

# နိုင်ငံ့စီးပွားဖွံ့ဖြိုးဖို့ သစ်တောများကို ထိန်းသိမ်းစို့

## သစ်တောမောင်

### သစ်တောသယံဇာတများ၏ အရေးပါမှု

သစ်တောများသည် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးကို အထောက်အကူပြုရန် မရှိမဖြစ်အရေးပါသော အရင်းအမြစ်တစ်ခုလည်းဖြစ်သည်။ သစ်တောများသည် သစ်နှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းအမျိုးမျိုး၊ ပြန်လည်အသုံးချနိုင်သော ကုန်ကြမ်းအရင်းအမြစ်အမျိုးမျိုးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးကို ထောက်ပံ့ပေးလျက်ရှိပြီး ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် စားဝတ်နေရေးအတွက် အခြေခံလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရုံသာမက နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပံ့ပိုးပေးလျက်ရှိပါသည်။

သစ်တောများမှ သစ်များ၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်အပင်၊ ပျားရည်၊ မှို၊ ငှက်သိုက် အစရှိသည့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ အစားအစာများ၊ ရေကောင်းရေသန့်များ၊ ဇီဝမျိုးစုံမျိုးကွဲများစသည့် စီးပွားရေးအရ အလွန်တန်ဖိုးရှိသော ထောက်ပံ့မှုဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးပါသည်။ ထို့အပြင် ရာသီဥတုပြောင်းလဲမှုအား ထိန်းညှိခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ခြင်း၊ ရေ၊ လေသန့်စင်ခြင်း၊ မြေတိုက်စားမှု မြေပြိုမှုများမှ ကာကွယ်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း စသည့် ငွေကြေးဖြင့်တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ထိန်းညှိမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးပါသည်။

သစ်ပင်သစ်တောများ တည်ရှိနေခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာစေခြင်း၊ မျက်စိပသာဒကောင်းမွန်စေခြင်း၊ အပန်းဖြေနိုင်ခြင်း၊ ယုံကြည်မှုကိုးကွယ်မှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုနှင့် ဆက်စပ်သော စိတ်ပိုင်းဆိုင်ရာလိုအပ်မှုများ ဖြည့်ဆည်းပေးနိုင်ခြင်း စသည့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးပါသည်။

သစ်တောများတည်ရှိနေခြင်းသည် **"အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏အကျိုးစီးပွားနှင့် အနာဂတ်၏ဖွံ့ဖြိုးမှု"** ဟု ဆိုသည့်အတိုင်း သစ်တောများသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်ဂေဟစနစ်တည်ငြိမ်ရေး၊ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သစ်တောများ ထာဝစဉ်တည်တံ့စေရေးအတွက် စနစ်တကျ စီမံအုပ်ချုပ်ခြင်းသည် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

### မြန်မာ့သစ်တောသယံဇာတများ

မြန်မာနိုင်ငံသည် သစ်တောသယံဇာတများ အလွန်ကြွယ်ဝသော နိုင်ငံဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ သစ်တောဖုံးလွှမ်းမှု ဆန်းစစ်လေ့လာမှုများအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံ့ဧရိယာ၏ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်း (ဧရိယာဧက ၇၀ ဒသမ ၄၇ သန်း) ရှိပြီး မတူကွဲပြားသော ဂေဟစနစ်အမျိုးမျိုးတွင် သစ်တောအမျိုးအစားစုံလင်စွာ ပေါက်ရောက်လျက်ရှိသည်။ အအေးပိုင်းသစ်တောများ၊ ရွက်ပြတ်ရောနှောတောများ၊ အပူပိုင်းသစ်တောများ၊ အမြဲစိမ်းတောများ၊ တောင်ပေါ်တောများနှင့် ဒီရေတောများ၊ ရွှံ့နွံတောများစသည်ဖြင့် စုံလင်စွာပေါက်ရောက်လျက်ရှိသည်။ အထူးသဖြင့် ကျွန်းသစ်နှင့် သစ်မာသစ်မျိုးများဖြစ်သော ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ သင်းဝင်၊ အင်၊ ကညင် စသည့် စီးပွားရေးအရ အဖိုးတန်သစ်မျိုးများကို ရွက်ပြတ်ရောနှောတောများတွင် တွေ့ရပြီး နိုင်ငံ့စီးပွားရေးအတွက် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

အဆိုပါ အဖိုးတန်သစ်မျိုးများနှင့်အတူ ဝါး၊ ကြိမ်၊ မှို၊ ပျားရည်၊ ငှက်သိုက်အစရှိသည့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းအမျိုးမျိုးလည်း သစ်တောအမျိုးအစားအလိုက် တွေ့နိုင်ပါသည်။ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ သစ်ပင်များ၏ အစိတ်အပိုင်းအမျိုးမျိုးတို့သည် ကျွန်းနှင့် သစ်မာများကဲ့သို့ပင် နိုင်ငံ၏စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိပါသည်။ ဥပမာအားဖြင့် ဈေးကွက်တွင် ရောင်းဝယ်လျက်ရှိသော သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကို အောက်ဖော်ပြပါအတိုင်း အုပ်စုခွဲခြားနိုင်ပါသည်-

| စဉ် | အဓိကအုပ်စုများ | သစ် မဟုတ်သော သစ်တောထွက်ပစ္စည်းများ |
|---|---|---|
| ၁။ | အမြစ်အမျိုးမျိုး | တောရှောက်မြစ်၊ ငုမြစ်၊ ဥရင်ကောက်မြစ်၊ နီပဆေးမြစ်၊ ဂျူးမြစ်၊ တောင်လုံးကျော်အမြစ်၊ တောင်ထန်းမြစ်၊ ကြာစွယ်(ကြာပင်၏အမြစ်)၊ ထန်းမြစ်၊ ပီလောပီနံ၊ နလင်ကျော်မြစ်၊ သမြားနီမြစ် |
| ၂။ | အခေါက်အမျိုးမျိုး | ငုခေါက်၊ ထနောင်းခေါက်၊ ပိန္နဲခေါက်၊ ကရဝေးခေါက်၊ ဖြူးခေါက်၊ အုံတုံခေါက်၊ သစ်ကြံပိုးခေါက်၊ သနပ်ခါး၊ သီးခေါက်၊ သစ်ခေါက်၊ နလင်ကျော်ခေါက် |
| ၃။ | နွယ်အမျိုးမျိုး | ကြိမ်အမျိုးမျိုး၊ ပေါက်နွယ်၊ ဆူးရစ်နွယ်၊ ဒိုးနွယ်၊ ကြိမ်၊ ဂျပ်နွယ်၊ တမလန်းနွယ်၊ ဝံအူနွယ်၊ ဆင်တုံးမနွယ်၊ ဂုံခါးနွယ် |
| ၄။ | မြက်အမျိုးမျိုး | ကိုင်း၊ သင်၊ သက်ငယ်၊ ထမသိုင်း၊ ကျူ၊ ဆင်ငိုမြက်၊ နွားမြေရင်းမြက်၊ |
| ၅။ | အစေ့အဆန်အမျိုးမျိုး | ဆီးစေ့၊ ဆီးဆန်၊ ဖာလာစေ့၊ ငရုတ်ကောင်းစေ့၊ ကလောစေ့၊ ကြောင်လျှာစေ့၊ ကြောင်ပန်းစေ့၊ |
| ၆။ | အဖူးအမျိုးမျိုး | တောက်တာဖူး ၊ စလူဖူး၊ ခနိဖူး၊ ဖာလာဖူး၊ မာလာဖူး၊ ကြိမ်ဖူး၊ |
| ၇။ | သစ်ဥသစ်ဖုအမျိုးမျိုး | နနွင်း၊ ချင်း၊ အင်ဥ၊ ဖျုံဥ(ဝဥ)၊ ပိတ်ချင်းဥ၊ ဂမုန်းဥအမျိုးမျိုး၊ ရှဉ့်မတက်ဥ၊ မျောက်ဥ၊ မချစ်ဥ၊ ခံတက်ဥ၊ ကောက်ညှင်းဥ၊ တပင်တိုင်မြနန်းဥ၊ ရေကန်စွန်းဥ (ယာကွန်) |
| ၈။ | အဆီနှင့် အစေးအမျိုးမျိုး | ကညင်ဆီ၊ ထင်းရှူးဆီ၊ မုန်ညင်းဆီ၊ သစ်ကတိုးဆီ၊ သစ်မွှေးဆီ၊ ကမ်းဇော်ဆီ၊ လျှော်ဖြူစေး၊ ရော်ဘာစေး၊ ရှားစေး၊ သစ်စေး၊ အင်တွဲ၊ ပွဲ့လျက်၊ ကျောက်သွေး၊ |
| ၉။ | အမွှေးနံ့အမျိုးမျိုး | နံ့သာဖြူ၊ နံ့သာနီ၊ သစ်မွှေး(အကျော်)၊ ကရမက်၊ သနပ်ခါး၊ သစ်ကြံပိုး၊ တောင်နံကြီး(တောင်တန်ကြီး)၊ တိန်းညက် |
| ၁၀။ | အရွက်အမျိုးမျိုး | တောင်ကြာရွက်၊ အင်ရွက်၊ တောင်ထန်း၊ ခနိ၊ သက်ငယ်၊ ငှက်ပျော၊ ဝါးရွက်၊ ကရဝေး၊ တပင်ရွှေထီး၊ ပေရွက်၊ စလူ၊ တောင်စဉ်ဖက် |
| ၁၁။ | ဝါးထွက်ပစ္စည်း အမျိုးမျိုး | ဝါးလုံး၊ ဝါးခြမ်း၊ ဝါးပါကေး၊ ဝါးမီးသွေး၊ ဝါးတူ၊ ဝါးလက်မှုပစ္စည်းများ ဝါးနှီး၊ ဝါးကြောများ၊ မျှစ်၊ ဝါးပရိဘောဂများ၊ ဝါးချည်ထည်များ၊ |
| ၁၂။ | ဆိုးဆေးများ | ပိန္နဲ၊ ငု၊ ထနောင်း(အခေါက်)၊ နီပဆေး(အမြစ်)၊ တိန်းညက်(အသား)၊ ပေါက်၊ တည်၊ တောသီတင်း(အသီး)/ ပိုးသီတင်း၊ |
| ၁၃။ | တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများ | တောရိုင်းတိရစ္ဆာန်များ၏ အသား၊ အရိုး၊ အရေ၊ ချို၊ အစွယ်၊ လက်သည်း၊ ခြေသည်း စသည့် အစိတ်အပိုင်းအမျိုးမျိုး၊ |
| ၁၄။ | အခြားသစ်တော ထွက်ပစ္စည်း | ပျားရည်၊ ပျားဖယောင်း၊ ငှက်သိုက်၊ လင်းနို့ချေး၊ ချိပ်၊ ဘုမ္မရာဇာ၊ လျှော်အမျိုးမျိုး၊ သစ်ခွအမျိုးမျိုး၊ နတ်မြားပိစပ်၊ ရှားစောင်း၊ လဲမှို့၊ ရေညှိ၊ ရေမှော်၊ မှိုအမျိုးမျိုး၊ သားရေ ဟင်းခတ်အမွှေးအကြိုင်၊ ရှီးပဒီး၊ သင်ပေါင်း၊ ဆေးဖက်ဝင် အပင်အမျိုးမျိုး စသည့်ပစ္စည်းအမျိုးမျိုး |




သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများအား ရေရှည်တည်တံ့စေရန် စနစ်တကျစီမံခန့်ခွဲခြင်းနှင့် စနစ်တကျထုတ်ယူသုံးစွဲခြင်းသည် သစ်တောပြုန်းတီးမှုမဖြစ်စေဘဲ ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေပါသည်။ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို အခြေခံသော

*စာမျက်နှာ ၁၁ သို့*



- ခေတ်မီနည်းစနစ်များ၊ တီထွင်ဆန်းသစ်မှုများဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ကာ သစ်တောသယံဇာတများ ထိန်းသိမ်းနိုင်ရန်၊ သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်
- သစ်တောထိန်းသိမ်းရေးနှင့် သစ်တောအခြေခံ ဖွံ့ဖြိုးတိုးတက်မှုများကို စနစ်တကျပေါင်းစပ်ဆောင်ရွက်နိုင်ပါက စီးပွားရေးတိုးတက်မှု၊ လူမှုဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို သဟဇာတမျှတစွာ တစ်ပြိုင်နက်တည်း အောင်မြင်နိုင်မည်





*စာမျက်နှာ ၁၀ မှ*

အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများ ဖွံ့ဖြိုးလာစေနိုင်ပါသည်။ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဆောင်ရွက်မည်ဆိုပါက စီးပွားရေးအကျိုးအမြတ်များစွာ ရရှိနိုင်မည်ဖြစ်ပါသည်။

**ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးလုပ်ငန်းများ**

**(က) သစ်တောများနှင့် ဇီဝစီးပွားရေး**

၂၁ ရာစုအတွင်း ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးမှုသည် ရာသီဥတုပြောင်းလဲမှု၊ သဘာဝအရင်းအမြစ်လျော့နည်းလာမှု၊ သဘာဝဘေးအန္တရာယ်များ ပိုမိုများပြားလာမှု၊ နည်းပညာနှင့် ဈေးကွက်ပြိုင်ဆိုင်မှု ပြင်းထန်လာမှုတို့နှင့် တစ်ပြိုင်နက် ရင်ဆိုင်ရလျက်ရှိသည်။ ရုပ်ကြွင်းလောင်စာများ အသုံးပြုမှုလျှော့ချခြင်း၊ ကာဗွန်ထုတ်လွှတ်မှု နည်းပါးသော ထုတ်ကုန်ပစ္စည်းများနှင့် နည်းပညာများ အသုံးပြုလာခြင်း၊ ဓာတုပစ္စည်းများအခြေခံသော ထုတ်ကုန်ပစ္စည်းများ သုံးစွဲမှုလျှော့ချပြီး ပြန်လည်ပြည့်ဖြိုးမြဲ သဘာဝသယံဇာတများဖြစ်သည့် သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို အခြေခံသည့် ဆောက်လုပ်ရေးပစ္စည်းများနှင့် ပရိဘောဂများ၊ အော်ဂဲနစ်ထုတ်ကုန်များ၊ ဇီဝထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသုံးကုန်များ၊ ဆေးဝါးများနှင့် အလှကုန်ပစ္စည်းများကို ပိုမိုဦးစားပေး ရွေးချယ်သုံးစွဲလာလျက်ရှိသည်။ တစ်နည်းအားဖြင့် ကမ္ဘာ့နိုင်ငံအများစုသည် သက်ရှိသဘာဝ အရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းခြင်း၊ ပြန်လည်စိုက်ပျိုးခြင်း၊ မွေးမြူခြင်း၊ စဉ်ဆက်မပြတ် ထုတ်လုပ်ခြင်းနှင့် အသုံးချခြင်းကို အဓိကထားဆောင်ရွက်သည့် ရေရှည်တည်တံ့ခိုင်မြဲသော ဇီဝစီးပွားရေးစနစ်သို့ပြောင်းလဲရန် ကြိုးပမ်းလာလျက်ရှိသည်။

သစ်သား၊ ဝါးနှင့်ကြိမ်တို့သည် ပြန်လည်ပြည့်ဖြိုးမြဲ သဘာဝအရင်းအမြစ်များဖြစ်ပြီး သံမဏိ၊ ကွန်ကရစ်နှင့် ပလတ်စတစ်ကဲ့သို့ ကာဗွန်ထုတ်လွှတ်မှုများသော ပစ္စည်းများကို အစားထိုးအသုံးပြုနိုင်သည့် အရင်းအမြစ်များဖြစ်ပါသည်။ သစ်တောထွက်ပစ္စည်းများ၊ သစ်တောထုတ်ကုန်များသည် ကာဗွန်ထုတ်လွှတ်မှုများသော ပစ္စည်းများကို အစားထိုးနိုင်ပြီး စီးပွားရေးအခွင့်အလမ်းအသစ်များကိုလည်း ဖန်တီးပေးနိုင်သည့် ဇီဝစီးပွားရေး၏ အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ သစ်တောများသည် ထွန်းသစ်စ ဇီဝစီးပွားရေးစနစ် ဗဟိုချက်တွင်ရှိပြီး အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေပါသည်။

**(ခ) သစ်တောများနှင့် အစိမ်းရောင်စီးပွားရေး**

သစ်တောများသည် အစိမ်းရောင်စီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်ပြီး အရေးပါသော ပတ်ဝန်းကျင်စနစ်ဝန်ဆောင်မှုများ၊ ပြန်လည်အသုံးပြုနိုင်သော သဘာဝအရင်းအမြစ်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပံ့ပိုးပေးနိုင်သည့်အပြင် ရာသီဥတုပြောင်းလဲမှုကိုလျှော့ချပေးရာတွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သစ်ပင်သစ်တောများနှင့် ဂေဟစနစ်အခြေပြုသော စီးပွားရေးလုပ်ငန်းများစွာ ဆောင်ရွက်နိုင်ပါသည်။

သစ်တောများ ရေရှည်တည်တံ့စေရန် စနစ်တကျ စီမံအုပ်ချုပ်ခြင်း၊ သစ်တောစိုက်ခင်းများနှင့် ဝါးစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ ဝါးနှင့်ကြိမ်တို့ အခြေခံသော ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ခြင်း၊ ဆေးဖက်ဝင်အပင်များထုတ်လုပ်ခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို မြှင့်တင်ခြင်း၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်မည့် သစ်အခြေခံစက်မှုလုပ်ငန်းများ အသွင်ကူးပြောင်းဆောင်ရွက်ခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း၊ ဂေဟစနစ်ဝန်ဆောင်မှု တန်ဖိုးပေးချေခြင်းဆိုင်ရာလုပ်ငန်းများ၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် ကာဗွန်ခရက်ဒစ်ရောင်းဝယ်ခြင်း စသည့်လုပ်ငန်းများသည် သစ်ပင်သစ်တောများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုအခြေခံသော အစိမ်းရောင်စီးပွားရေးလုပ်ငန်းများဖြစ်ပြီး သစ်တောကြွယ်ဝသည့် ဖွံ့ဖြိုးဆဲနိုင်ငံများက အလေးထားဖော်ဆောင်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ ဖြစ်ပါသည်။

အစိမ်းရောင်စီးပွားရေးလုပ်ငန်းများနှင့် သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများသည် စီးပွားရေးအကျိုးအမြတ်များ ရရှိနိုင်ရုံသာမက ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ဖြေရှင်းပေးနိုင်သည့် သဘာဝအခြေပြုဖြေရှင်းခြင်း နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ သစ်တောစီမံအုပ်ချုပ်မှု အတတ်ပညာ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများကိုအသုံးပြု၍ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

**(ဂ) သစ်တောများနှင့် စက်ဝိုင်းပုံစီးပွားရေး**

ယခုအခါတွင် သဘာဝအရင်းအမြစ်များ၊ သစ်တောသယံဇာတများ လျော့နည်းရှားပါးလာမှုနှင့်အတူ သစ်နှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို အခြေခံသောစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်းပမာဏအနည်းဆုံးကိုအသုံးပြု၍ စီးပွားရေးအကျိုးအမြတ် အများဆုံးရရှိစေနိုင်သော ထုတ်လုပ်မှုပုံစံများ၊ သစ်တောထွက်ပစ္စည်းများကို အကြိမ်ကြိမ်၊ အဆင့်ဆင့် ပြန်လည်ပြုပြင်သုံးစွဲသည့် ထုတ်လုပ်မှုပုံစံများသို့ ပြောင်းလဲဆောင်ရွက်လာလျက်ရှိသည်။ စက်ဝိုင်းပုံစီးပွားရေးသည် သစ်တောထွက်ပစ္စည်းများ၊ သဘာဝအရင်းအမြစ်များကို အဆုံးစွန်အထိ အသုံးချပြီး စွန့်ပစ်ပစ္စည်းများ ထွက်ရှိမှုကို အနည်းဆုံးသို့ လျှော့ချရန်ရည်ရွယ်သည့် စီးပွားရေးပုံစံဖြစ်ပါသည်။ သစ်သားနှင့် သစ်တောထွက်ပစ္စည်း ထုတ်ကုန်များသည် ပလတ်စတစ်ကဲ့သို့ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေမှုများ မရှိသည့်အပြင် ပြန်လည်အသုံးချနိုင်စွမ်းမြင့်မားသဖြင့် စက်ဝိုင်းပုံစီးပွားရေး၏ အဓိကပစ္စည်းများအဖြစ် အသုံးချမှုများ တိုးပွားလာလျက်ရှိပါသည်။

ဥပမာအားဖြင့် တန်ဖိုးမြှင့် ထုတ်ကုန်များထုတ်လုပ်ရာတွင် ထုတ်လုပ်မှုအဆင့်ဆင့်၌ သစ်ကုန်ကြမ်းများ၊ ဝါးနှင့်ကြိမ် ကုန်ကြမ်းများကို အလေအလွင့်မရှိစေရန်နှင့် အနည်းဆုံးဖြစ်စေရန် စနစ်တကျ အသုံးပြုလာသကဲ့သို့ ဖြစ်ပေါ်လာသည့် သစ်အတိုအစများ၊ ဝါးအတိုအစများ၊ ကြိမ်အတိုအစများ၊ ဖြတ်စများနှင့် လွှစာများကို ခေတ်မီစက်ပစ္စည်းများ၊ နည်းပညာနှင့် အရည်အသွေးမြင့်ကော်များ အသုံးပြု၍ ဘုတ်ပြားများ ထုတ်လုပ်ခြင်း၊ ကြိတ်သား၊ အထပ်သား၊ လက်ယှက်များ၊ ကြမ်းခင်းများ၊ မျက်နှာကြက်များ၊ နံရံများနှင့် ပရိဘောဂများ ထုတ်လုပ်ခြင်း၊ လောင်စာတောင့်များ ပြုလုပ်ခြင်းဖြင့် ပြန်လည်ပြုပြင်သုံးစွဲလာလျက်ရှိသည်။ နည်းပညာများ၊ တီထွင်ဆန်းသစ်မှုများ၊ ခေတ်မီစက်ကိရိယာများ၊ ဆန်းသစ်သောဒီဇိုင်းပုံစံများ၊ အထောက်အကူပြုပစ္စည်းများကိုအသုံးပြုပြီး သစ်တောထွက်ပစ္စည်းများအား အလေအလွင့်မရှိစေရန်နှင့် အနည်းဆုံးဖြစ်စေရန် စနစ်တကျ စီမံခန့်ခွဲပြီး တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်လျက် နိုင်ငံ့စီးပွားကို ပံ့ပိုးပေးလျက်ရှိပါသည်။

**(ဂ) သစ်တောများနှင့် အပြာရောင် စီးပွားရေး**

ပင်လယ်သမုဒ္ဒရာနှင့် ကမ်းရိုးတန်းများတွင် သဘာဝသယံဇာတများကို ကာကွယ်ခြင်း၊ ပြန်လည်တည်ထောင်ထိန်းသိမ်းခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးနိုင်သော စီးပွားရေးလုပ်ငန်းများစွာကို စနစ်တကျအကောင်အထည်ဖော်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေမည့် စီးပွားရေးပုံစံသည် အပြာရောင်စီးပွားရေးဖြစ်သည်။ ကမ်းရိုးတန်းသစ်တောများနှင့် ဒီရေတောများသည် အပြာရောင်စီးပွားရေး၏ အခြေခံအင်ဂျင်တစ်ခု ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းဒေသသည် ၂၈၀၀ ကီလိုမီတာခန့်ရှည်လျားပြီး ဘင်္ဂလားပင်လယ်အော်ဒေသ ဂေဟစနစ်တစ်ခုလုံး၏ ငါးပုံတစ်ပုံကို ပိုင်ဆိုင်ထားပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒီရေတောပေါက်ရောက်မှု ဧရိယာအားဖြင့် သတ္တမအဆင့်တွင် တည်ရှိပြီး အာရှတိုက်တွင် ဒီရေတောပေါက်ရောက်မှု တတိယအများဆုံးနိုင်ငံဖြစ်သည်။ ၂၀၂၅ ခုနှစ် သစ်တောဖုံးလွှမ်းမှု ဆန်းစစ်ချက်များအရ မြန်မာ့ဒီရေရောက် သစ်တောများသည် မြန်မာနိုင်ငံဧရိယာ၏ ၀ ဒသမ ၇၆ ရာခိုင်နှုန်း (ဧရိယာဧက ၁ ဒသမ ၂၆ သန်းကျော်) ရှိသည်။ အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီကမ်းရိုးတန်းတို့သည် အပြာရောင်စီးပွားရေးဖွံ့ဖြိုးရေးအတွက် အဓိကကျသော ဒေသများဖြစ်သည်။

ဒီရေတောများသည် ငါး၊ ပုစွန်၊ ကဏန်းနှင့် ရေလုပ်ငန်းအတွက် အဓိကနေရင်းဒေသများဖြစ်ပြီး စားရေရိက္ခာဖူလုံစေရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ဒီရေတောများသည် ကမ်းရိုးတန်းဒေသနေပြည်သူများနှင့် နိုင်ငံအတွက် ရေထွက်ကုန်ပစ္စည်းများ၊ စားရေရိက္ခာများနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုအမျိုးမျိုးကို ပံ့ပိုးထုတ်လုပ်ပေးအပ်လျက်ရှိပြီး နိုင်ငံ့စီးပွားရေးကို ပံ့ပိုးလျက်ရှိသည်။ ဒီရေတောများသည် ပင်လယ်ရွှံ့နွံများ၊ သစ်ဆွေးမြေများနှင့် ဆက်စပ်နေပြီး လေထုအတွင်းမှကာဗွန်ကို အလွန်ထိရောက်စွာစုပ်ယူသိုလှောင်နိုင်သဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတွင် အလွန်အရေးပါပါသည်။ ထို့ကြောင့် ဒီရေတောများက စုပ်ယူသိုလှောင်သောကာဗွန်ကို အပြာရောင်ကာဗွန်ဟုခေါ်ဆိုပြီး ကာဗွန်ဈေးကွက်ရင်းနှီးမြှုပ်နှံ ရောင်းဝယ်လျက်ရှိသည်။

ဒီရေတောများသည် လေပြင်းမုန်တိုင်းများနှင့် ဆူနာမီရေလှိုင်းများ၏ အန္တရာယ်မှ လျော့ကျစေရန် ကာကွယ်ပေးခြင်း၊ မြေပေါ်နှင့် မြေအောက် ရေချိုအရင်းအမြစ်များအတွင်း ရေငန်ဝင်ရောက်ခြင်းနှင့် ကမ်းခြေဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ချောင်းကမ်းပါးများ ရေတိုက်စားပြီး မြေပြိုခြင်းအန္တရာယ် စသည်တို့မှလည်း ကာကွယ်ပေးခြင်းတို့ကို ဒီရေတောများက ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ အဆိုပါဝန်ဆောင်မှုတန်ဖိုးများသည် စီးပွားရေးအရ ငွေကြေးဖြင့် တန်ဖိုးဖြတ်၍ ဈေးကွက်တွင် ရောင်းဝယ်၍မရသော်လည်း သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ပေးနိုင်ပြီး စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များအတွက် အမေရိကန်ဒေါ်လာဘီလီယံပေါင်းများစွာ ဆုံးရှုံးနိုင်မှုအန္တရာယ်များမှ ကာကွယ်ပေးလျက်ရှိပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသည်။

**နိုင်ငံ့စီးပွားဖွံ့ဖြိုးဖို့ သစ်တောများကို ထိန်းသိမ်းစို့**

ယခုနှစ် မတ်လ ၂၁ ရက်တွင် ကျရောက်သော **အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ (International Day of Forests)**၏ အဓိကဆောင်ပုဒ်မှာ **“သစ်တောများနှင့် စီးပွားရေး (Forests and Economies)”** ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်ပေးရာတွင် သစ်တောများ၏ မရှိမဖြစ်လိုအပ်သော အခန်းကဏ္ဍကို အလေးထားပြီး ဂုဏ်ပြုလျက် အောက်ဖော်ပြပါအတိုင်း မီးမောင်းထိုးဖော်ပြထားပါသည်-

- ❖ သစ်တောများသည် ကမ္ဘာ့ကုန်းနေဇီဝမျိုးစုံမျိုးကွဲ ၈၀ ရာခိုင်နှုန်း၏ ခိုလှုံရာဖြစ်ပြီး သစ်ပင်မျိုးစိတ်ပေါင်း ခြောက်သောင်းကျော် ပါဝင်လျက်ရှိကြောင်း၊
- ❖ သစ်တောများသည် ကမ္ဘာ့စီးပွားရေးကို မောင်းနှင်ပေးလျက်ရှိပြီး ကမ္ဘာတစ်ဝန်းရှိ လူသန်းပေါင်းများစွာ၏ အလုပ်အကိုင်များကိုလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း၊
- ❖ အမေရိကန်ဒေါ်လာ ၄၄ ထရီလီယံခန့် တန်ဖိုးရှိသော စီးပွားရေးလုပ်ငန်းများသည် သစ်တောများအပါအဝင် သဘာဝဂေဟစနစ်များအပေါ် အားထားဆောင်ရွက်နေကြောင်း၊
- ❖ ကမ္ဘာ့လူဦးရေ ၁ ဒသမ ၆ ဘီလီယံခန့်သည် အစားအစာ၊ ခိုလှုံစရာ၊ စွမ်းအင်၊ ဆေးဝါးများနှင့် ဝင်ငွေအတွက် သစ်တောများအပေါ် တိုက်ရိုက်မှီခိုလျက်ရှိပြီး လူဦးရေ ၃၃ သန်းအတွက် အလုပ်အကိုင် ဖန်တီးပေးလျက်ရှိကြောင်း၊

*စာမျက်နှာ ၁၂ သို့*

# ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ရုံး၌ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲကျင်းပ



**ပုသိမ် မတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံး၌ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(ယာပုံ)**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ဆရာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော်အရှင်သူမြတ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲဆဌမနေ့အဖြစ် ဖြေဆိုရသည့် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို ဖြေဆိုပြီးစီးသည့် ကျောင်းသား ကျောင်းသူများအား နှုတ်ဆက်အားပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့တို့က ကျောင်းသား ကျောင်းသူများကို အားဖြည့်အချိုရည်များ လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၁) တွင် ပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ၂၀၂၂ ခုနှစ်ဖေဖော်ဝါရီလမှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအထိ ခွင့်ပြုမိန့်ထုတ်ပေးခဲ့သော တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြမှုများနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အထွေထွေဆွေးနွေး တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ထို့ပြင် ယမန်နေ့မွန်းလွဲပိုင်းကလည်း တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၁) တွင် ပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၆) သို့ တက်ရောက်၍ အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၏ လယ်ယာမြေအမှုတွဲများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် အဖွဲ့ဝင်များ၏ အထွေထွေဆွေးနွေးတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကာဇက်စတန်နိုင်ငံ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလေ့လာရေးအစီအစဉ်သို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ




**နေပြည်တော် မတ် ၁၇**

ကာဇက်စတန်နိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ၂၀၂၆ ခုနှစ် မတ် ၁၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ လေ့လာရေးအစီအစဉ်သို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းနှင့် ဦးခင်မောင်ကြီးတို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

လေ့လာရေးခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၄ ရက်တွင် ဗဟိုဆန္ဒခံယူပွဲ ကော်မရှင် (The Central Referendum Commission of the Republic of Kazakhstan – CRCRK) ၌ ကျင်းပပြုလုပ်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခြင်းဆိုင်ရာ ရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက်ခြင်း၊ မတ် ၁၅ ရက်တွင် မဲရုံများ စတင်ဖွင့်လှစ်မှုအခြေအနေနှင့် မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးမှုလုပ်ငန်းစဉ်များကို လေ့လာခြင်း၊ မဲရုံပိတ်ခြင်းနှင့် မဲရေတွက်မှုလုပ်ငန်းစဉ်များကို လေ့လာစောင့်ကြည့်ခြင်းတို့ကို ဆောင်ရွက်ကြပြီး မတ် ၁၆ ရက်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၏ ကနဦးရလဒ်များ ထုတ်ပြန်ခြင်းဆိုင်ရာ ရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက်လေ့လာခဲ့ကြသည်။

ထို့ပြင် လေ့လာရေးခရီးစဉ်သို့ တက်ရောက်လာသည့် နိုင်ငံတကာ ရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

❖ လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း နှစ်စဉ်သစ်ထုတ်လုပ်မှု ပမာဏမှာ ခန့်မှန်းအားဖြင့် ကုဗမီတာ ၄ ဘီလီယံခန့်ရှိကြောင်းနှင့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် စက်မှုလုပ်ငန်းသုံး သစ်လုံး ကုဗမီတာ ၁ ဘီလီယံခန့် ထပ်မံလိုအပ်လာနိုင်ကြောင်း၊

❖ ကမ္ဘာတစ်ဝန်းရှိ လူဦးရေ ၅ ဒသမ ၈ ဘီလီယံခန့်သည် မိမိတို့၏အသက်မွေးဝမ်းကျောင်းနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို အရေးပါသော အရင်းအမြစ်အဖြစ် အသုံးပြုလျက်ရှိကြောင်း၊

❖ အစားအစာများ၊ ဆေးဝါးများ၊ သစ်စေးများ(Resins)၊ အလှဆင်အပင်များနှင့် တိရစ္ဆာန်အစာများအပါအဝင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းထုတ်ကုန်များသည် ကမ္ဘာလုံးဆိုင်ရာအဆင့်တွင် နှစ်စဉ်အနည်းဆုံး အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၁ ဘီလီယံခန့် တန်ဖိုးရှိကြောင်း၊

❖ ကမ္ဘာတစ်ဝန်းရှိ လူဦးရေ ၂ ဘီလီယံကျော်သည် ထင်းနှင့် မီးသွေးတို့ကို နေ့စဉ်ချက်ပြုတ်ရေးနှင့် အပူပေးရေးဆိုင်ရာ စွမ်းအင်အရင်းအမြစ်များအဖြစ် အသုံးပြုလျက်ရှိကြောင်းနှင့် သစ်အခြေပြုခေတ်မီလောင်စာတောင့်များကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် အပူစွမ်းအင်အသုံးချရေး စသည့် စက်မှုလုပ်ငန်းများတွင် ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိကြောင်း ဖော်ပြထားပါသည်။

**နိုင်ငံ့စီးပွားဖွံ့ဖြိုးဖို့ သစ်တောများကို ထိန်းသိမ်းစို့**

ယနေ့ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းအတွင်း သစ်တောကဏ္ဍနှင့် ဆက်စပ်လျက်ရှိသော စီးပွားရေးဖွံ့ဖြိုးမှုသဘောတရားအခြေခံသည့် ရေရှည်တည်တံ့ခိုင်မြဲသော ဇီဝစီးပွားရေး၊ အစိမ်းရောင်စီးပွားရေး၊ စက်ဝိုင်းပုံစီးပွားရေးနှင့် အပြာရောင်စီးပွားရေးမော်ဒယ်များသည် သဘာဝအရင်းအမြစ်များကို အလွန်အကျွံ သုံးစွဲခြင်းမှ ရေရှည်တည်တံ့စွာ စီမံခန့်ခွဲအသုံးချနိုင်ရေးသို့ ပြောင်းလဲစေသော အဓိကမူဝါဒဆိုင်ရာ လမ်းညွှန်ချက်များ ဖြစ်လာနေပါသည်။ ဤစနစ်များအားလုံး၏ အခြေခံတန်ဖိုးမှာ သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ခြင်း၊ တန်ဖိုးမြှင့်အသုံးချခြင်းနှင့် မျိုးဆက်သစ်များအတွက် အရင်းအမြစ်များ ဆက်လက်ကျန်ရှိစေရန် အာမခံပေးခြင်းတို့ဖြစ်သည်။

သစ်တောသယံဇာတပေါကြွယ်ဝမှုနှင့် နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေသည်ဖြစ်သည့်အတွက် သစ်တောဖုံးလွှမ်းမှု တိုးပွားလာသည်နှင့်အမျှ ဂေဟစနစ် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ သစ်တောများသည် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်သည့်အတွက် စီးပွားရေးတည်ငြိမ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အနာဂတ်အတွက် အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုအဖြစ်သတ်မှတ်ကာ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ခေတ်မီနည်းစနစ်များ၊ တီထွင်ဆန်းသစ်မှုများဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ကာ သစ်တောသယံဇာတများထိန်းသိမ်းနိုင်ရန်၊ သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သစ်တောထိန်းသိမ်းရေးနှင့် သစ်တောအခြေခံ ဖွံ့ဖြိုးတိုးတက်မှုများကို စနစ်တကျပေါင်းစပ်ဆောင်ရွက်နိုင်ပါက စီးပွားရေးတိုးတက်မှု၊ လူမှုဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို သဟဇာတမျှတစွာ တစ်ပြိုင်နက်တည်း အောင်မြင်နိုင်မည်ဖြစ်သည်။

တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းမှု ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် သဘာဝတောများကို ရေရှည်တည်တံ့စေရန် စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ တောနိမ့်တောကျဲပါးနေရာများတွင် သစ်ပင်များ စိုက်ပျိုးခြင်း၊ ဂေဟစနစ်အမျိုးမျိုးတွင် သစ်တောစိုက်ခင်းများ ပြန်လည်တည်ထောင်ခြင်း၊ သစ်တောနယ်မြေပြင်ပ သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ သစ်ပင်သစ်တောစိုက်ပျိုးထိန်းသိမ်းရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ အစိုးရ၊ ပုဂ္ဂလိက၊ ဒေသခံပြည်သူများအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်ခြင်းဖြင့် သစ်တောဖုံးလွှမ်းမှုများ တိုးပွားလာပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူပြုလာနိုင်မည် ဖြစ်ပါကြောင်း **"အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့"** ကို ဂုဏ်ပြုအပ်ပါသည်။ ။

❑ *ကျောဖုံးမှ*

ရှုံးနိမ့်ကာ ဖလားဆွတ်ခူးခွင့် လွဲချော်ထားသည်။ ထို့ပြင် ဆာဘယ်လင်ကာသည် ယမန်နှစ် အင်ဒီးယန်းဝဲလ်စ်အိုးပင်းဗိုလ်လုပွဲတွင်လည်း ပြိုင်ဘက် ရုရှားတင်းနစ်မယ် မေရာ အန်ဒရေဗာကို ၆–၂၊ ၄–၆၊ ၃–၆ ရလဒ်ဖြင့် ရှုံးနိမ့်ကာ ဖလားဆွတ်ခူးခွင့် လွဲချော်ထားသည်။

သို့သော်လည်း ဆာဘယ်လင်ကာသည် ယခုအကြိမ်တွေ့ဆုံသည့် ဗိုလ်လုပွဲတွင် ရှိုင်ဘာကီနာကို ကျော်ဖြတ်ကာ အင်ဒီးယန်းဝဲလ်စ် အိုးပင်းဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ရှိုင်ဘာကီနာသည် ပြိုင်ပွဲတစ်လျှောက်တွင် ဘက်တစ်စတေး၊ ကော့စတစ်၊ ကာတဲလ်၊ ပဲဂူလာ၊ စဗစ်တိုလီနာ စသည့် နာမည်ကြီး တင်းနစ်မယ်များကို အဆင့်ဆင့်ကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သော်လည်း ဆာဘယ်လင်ကာကို ရှုံးနိမ့်ခဲ့သည့်အတွက် ဖလားဆွတ်ခူးခွင့် လွဲချော်ခဲ့ရသည်။ ဆာဘယ်လင်ကာနှင့် ရှိုင်ဘာကီနာတို့သည် မကြာမီကျင်းပတော့မည့် မိုင်ယာမီအိုးပင်းပြိုင်ပွဲတွင်လည်း ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**နိုင်ပွဲရရှိကာ ဖလားဆွတ်ခူး**

အင်ဒီးယန်းဝဲလ်စ်အိုးပင်းအမျိုးသားတစ်ဦးချင်းဗိုလ်လုပွဲတွင် ကမ္ဘာ့နံပါတ် (၂) အီတလီတင်းနစ်အကျော်အမော် ဂျန်းနစ်ခ်ဆင်းနားက ရုရှားတင်းနစ်ကစားသမား ဒန်နီယေးလ် မက်ဗီဒက်ဗ်ကို ၇–၆ (၈–၆)၊ ၇–၆ (၇–၄) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။

**အောင်ဇော်**

# မြန်မာ–ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ(၁/၂၀၂၆) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ





**နေပြည်တော် မတ် ၁၇**

မြန်မာ – ထိုင်း နယ်နိမိတ်ဖြတ်ကျော်မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေး ကော်မတီ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးသို့ မြန်မာ – ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်၊ ဒုတိယဥက္ကဋ္ဌ (၁) နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ဒုတိယဥက္ကဋ္ဌ(၂) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ကော်မတီဝင်များနှင့်သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ – ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်က ကော်မတီဖွဲ့စည်းပြီးချိန်မှစတင်၍ လုပ်ငန်းများ ထိရောက်အောင်မြင်ရန်အတွက် အထူးသဖြင့် မြန်မာ – ထိုင်း နယ်နိမိတ်ဖြတ်ကျော်မီးခိုးမြူငွေ့ လျှော့ချနိုင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ယခုကဲ့သို့ အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေး (၅) ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ကော်မတီအစည်းအဝေးကို တစ်နှစ်လျှင် (၃) ကြိမ် ကျင်းပပြုလုပ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပြီး ယနေ့ ပြုလုပ်ရသည့် အစည်းအဝေးသည် နှစ်စဉ် မီးခိုးမြူငွေ့မြင့် တက်လေ့ရှိသည့် မတ်လ၊ ဧပြီလနှင့် မေလများအတွက် Fire Hotspot လျှော့ချနိုင်ရေး လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို လုပ်ဆောင်နိုင်ရန် ဖြစ်ကြောင်း။

Fire Hotspot ဖြစ်ပေါ်မှုသည် ရာသီဥတုပူပြင်းခြောက်သွေ့သည့် နှစ်များတွင် ပိုမိုဖြစ်ပေါ်လေ့ရှိပြီး နှစ်စဉ်ဇန်နဝါရီလမှ မေလအတွင်း မီးခိုးမြူငွေ့ ညစ်ညမ်းမှုများ ဖြစ်ပေါ်လေ့ရှိရာ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုသည် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများအကြား မကြာခဏ ကြုံတွေ့ရလေ့ရှိသဖြင့် ပွင့်လင်းရာသီမရောက်မီ ထိန်းချုပ်လျှော့ချရေးလုပ်ငန်းစဉ်များကို အလေးထားပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် Fire Hotspot ဖြစ်ပေါ်မှု အရေအတွက်၊ သိပ်သည်းဆပေါ်မူတည်၍ ဦးစားပေးဒေသများ သတ်မှတ်ပြီး ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်း “အစား” ကုန်းမြင့်လယ်ယာ စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများမှ မြေသြဇာပြုလုပ်ခြင်း၊ သစ်တောအတွင်း မီးမဆင်မခြင်အသုံးပြုမှုကို တားဆီးခြင်း၊ ဒေသခံပြည်သူများအား အသိပညာပေးခြင်း၊ Fire Hotspot ဖြစ်ပေါ်မှု အခြေအနေအား စောင့်ကြည့်လေ့လာခြင်း၊ ဝန်းကျင်လေထုအရည်အသွေး တိုင်းတာခြင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် အစီအမံများ ချမှတ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း စသည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

၂၀၂၅ ခုနှစ်အတွင်း မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ အဓိက မီးလောင်မှုဖြစ်ပေါ်ရသည့် အကြောင်းရင်းများအနေဖြင့် အများစုမှာ တောမီးလောင်ကျွမ်းမှု၊ တောင်ယာခုတ်ထွင်ရှင်းလင်းရန် မီးရှို့မှုနှင့် လယ်ယာထွက်ကုန် ပစ္စည်းများ မီးရှို့မှုတို့ကြောင့် ဖြစ်သဖြင့် မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အဆိုပါဒေသများတွင် မီးလောင်ကျွမ်းမှု ထပ်မံဖြစ်ပေါ်မှုမရှိစေရေးအတွက် တောင်ယာမီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းများ ဆောင်ရွက်ခြင်းမပြုစေရေး ကြိုတင်အသိပညာပေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ Fire Hotspot လျှော့ချနိုင်ရေးနှင့်စပ်လျဉ်း၍ ၂၀၂၆ ခုနှစ်အတွက် ရည်မှန်းထားသည့် အတိုင်း လျှော့ချနိုင်ရေးတို့အား အလေးထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ဇန်နဝါရီလမှ မေလအထိ ရိုးပြတ်များမီးရှို့ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ သစ်တောအတွင်း မီးမဆင်မခြင် အသုံးပြုခြင်းတို့ကို ထိန်းချုပ်ခြင်းနှင့် အသိပညာပေး လုပ်ငန်းများကို ကျေးလက်ဒေသများတွင် အလေးထားဆောင်ရွက်နိုင်ရေးနှင့် Fire Hotspot ကွင်းဆင်းစစ်ဆေးတွေ့ရှိခဲ့သည့်ဒေသများတွင် တောင်ယာမီးမရှို့ရေးနှင့် ရိုးပြတ်များမီးမရှို့ရေးတို့ကို ကြိုတင်အသိပေး ဆောင်ရွက်နိုင်ရေးကိစ္စနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ဒေသအလိုက် Fire Hotspot စောင့်ကြည့်ခြင်းနှင့် လေထုအရည်အသွေးတိုင်းတာခြင်းများလည်း ပုံမှန်ပြုလုပ်၍ သက်ဆိုင်ရာဌာနများအကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းများလည်း ဆက်လက် ပြုလုပ်သွားရန်လိုကြောင်း၊ တက်ရောက်လာသည့် ကော်မတီဝင်များအနေဖြင့် ပြီးခဲ့သည့် ညှိနှိုင်းအစည်းအဝေးများတွင် ဆွေးနွေးခဲ့မှုများအရ ပေးပို့လာသည့် လစဉ်လုပ်ငန်းဆောင်ရွက်မှု အချက်အလက်များအပြင် Fire Hotspot ဖြစ်ပေါ်မှု လျှော့ချရေးနှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ(၁) နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များတွင် ပါဝင်သည့် အသိပညာပေး လုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနအောက်ရှိ ရုံးဌာနများ၊ ဖွံ့ဖြိုးရေးတက္ကသိုလ်တစ်ခု၊ ဒီဂရီကောလိပ်နှစ်ခုနှင့် ကျောင်းအားလုံးပေါင်း ၁၀၀ ကျော်တို့တွင် နယ်နိမိတ်ဖြတ်ကျော်မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဖော်ဆောင်ပေးလျက်ရှိသည့် ထိုင်းနိုင်ငံက ပေးပို့သော အသိပညာပေးဗီဒီယိုဖိုင်ကို ပြသခြင်းဖြင့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ(၂) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက တောမီးရှို့သည့်ပြဿနာ၊ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုပြဿနာသည် မိမိတို့ဒေသတွင်း၌ အင်မတန်အရေးကြီးသည့် ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုတစ်ခု ဖြစ်လာပါကြောင်း၊ ASMC Website ကနေ ရရှိသည့် အချက်အလက်များအရ ပြီးခဲ့သည့် နှစ်များအတွင်း မတ်လနှင့် ဧပြီလများတွင် မြန်မာနိုင်ငံ အရှေ့ပိုင်းနှင့် ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသများ၌ Hotspot များ အများဆုံး ဖြစ်ပေါ်နေသည်ကို တွေ့ရသည့်အတွက် လျှော့ချနိုင်ရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး နိုင်ငံဖြတ်ကျော် မီးခိုးငွေ့ပြဿနာကို ထိရောက်စွာ ဖြေရှင်းနိုင်ရန် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူးက မြန်မာ – ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေး ကော်မတီ၏ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် Fire Hotspot ဖြစ်ပွားမှုနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူထားရှိမှု၊ ဆောင်ရွက်ဆဲ၊ မြန်မာနိုင်ငံအတွင်း Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းသိမ်းရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက မြန်မာ – ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေး ကော်မတီ၏ လုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တံတားဦးမြို့နယ်တွင် မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၁၇ ရက် ညနေပိုင်းက မြို့နယ်ရဲစခန်းအတွင်း၌ ပြုလုပ်ရာ တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သူအောင် ဦးဆောင်မှုဖြင့် ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ရုံးမှ တပ်ဖွဲ့ဝင်များ စုပေါင်း၍ မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## အိမ်မဲမြို့နယ်၌ စိမ်းလဲ့မြေသမဝါယမစိုက်ပျိုးရေးအသင်းသားများ၏ မြေပဲကေ ၅၀ ကြည့်ရှုစစ်ဆေး



**အိမ်မဲ မတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဆိတ်ချေးကုန်းကျေးရွာ၌ စိမ်းလဲ့မြေ သမဝါယမစိုက်ပျိုးရေး အသင်းသားများစိုက်ပျိုးထားရှိသော ဆီထွက်သီးနှံ မြေပဲကေ ၅၀ အား သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး (နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းအေးနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက လာရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စိမ်းလဲ့မြေသမဝါယမ စိုက်ပျိုးရေး အသင်းသားများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မင်းသိန်းက ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးသည့် သမဝါယမအသင်းသားများအား နိုင်ငံ့စီးပွား မြင့်တင်ရေးရန်ပုံငွေ ၈၆ ဘီလီယံမှ တစ်ကေလျှင် ငွေကျပ်လေးသိန်းနှုန်းဖြင့် ညီမျှသော ဓာတ်မြေသြဇာများ ပံ့ပိုးပေးခြင်းနှင့် မြေပဲစိုက်ပျိုးသည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြရာ ညွှန်ကြားရေးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။ အဆိုပါ ဆီထွက်သီးနှံ မြေပဲကေ ၅၀ ၏ မျိုးမှာ စပိန်မျိုးဖြစ်ပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလနောက်ဆုံးအပတ်တွင် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချစ်သက်လယ်**
**(ပြန်/ဆက်)**

## ထိုင်းဘုရင်မင်းမြတ်နှင့် မိဖုရား လာအိုနိုင်ငံသို့ နိုင်ငံတော်ခရီးစဉ်သွားရောက်

**ဗီယင်ကျန်း မတ် ၁၇**
ထိုင်းဘုရင်မင်းမြတ် မဟာဗဇိရာလောင်ကွန်းနှင့် မိဖုရား ဆုသီဒါတို့သည် လာအိုနိုင်ငံသို့ မတ် ၁၆ ရက်မှ ၁၈ ရက်အထိ နိုင်ငံတော်ခရီးစဉ် သွားရောက်ခဲ့သည်ဟု ဆင်ဟွာသတင်းတစ်ရပ်တွင် မတ် ၁၇ ရက်က ဖော်ပြလိုက်သည်။

ထိုင်းဘုရင် မင်းမြတ်နှင့် မိဖုရားတို့သည် လာအိုသမ္မတ သောင်လွန်းဆစ်စိုလစ်၏ ဖိတ်ကြားချက်ဖြင့် လာအိုနိုင်ငံသို့ နိုင်ငံတော်ခရီးစဉ် သွားရောက်ခဲ့ခြင်းဖြစ်သည်။

ထိုင်းဘုရင်မင်းမြတ်၏ ယခုခရီးစဉ်သည် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံကြား ရေရှည်တည်တံ့ ခိုင်မြဲသော ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်း ဆက်ဆံရေးနှင့် ရေရှည်တည်တံ့သော တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုအတွက် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် ရည်ရွယ်သည်ဟု လာအိုစီးပွားရေး နေ့စဉ်သတင်းတွင် မတ် ၁၇ ရက်က ဖော်ပြခဲ့သည်။

မတ် ၁၇ ရက် နံနက်ပိုင်းတွင် တရားဝင် ကြိုဆိုပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ ကြိုဆိုပွဲကျင်းပပြီးနောက် နှစ်နိုင်ငံခေါင်းဆောင်ကြီးများသည် တရားဝင်တွေ့ဆုံပွဲကို ကျင်းပခဲ့သည်။ **ဆင်ဟွာ**



## နိုင်ဂျီးရီးယားသမ္မတ တီနူးဘူ ဗြိတိန်နိုင်ငံသို့ သမိုင်းဝင် နိုင်ငံတော်ခရီးစဉ် စတင်

**အဘူဂျာ မတ် ၁၇**
နိုင်ဂျီးရီးယားသမ္မတ ဘိုလာတီနူးဘူသည် မတ် ၁၇ ရက်တွင် ဗြိတိန်နိုင်ငံသို့ သမိုင်းဝင် နိုင်ငံတော်ခရီးစဉ် စတင်မည်ဖြစ်ကြောင်း သမ္မတရုံးတာဝန်ရှိသူများက မတ် ၁၆ ရက်တွင် ပြောသည်။

သမ္မတ ပြောရေးဆိုခွင့်ရှိသူ၏ ယင်းမှာ အာဖရိက၏ လူဦးရေ အထူထပ်ဆုံး နိုင်ငံဖြစ်သော နိုင်ဂျီးရီးယားနိုင်ငံ ခေါင်းဆောင်တစ်ဦးအနေဖြင့် နှစ်ပေါင်း ၃၇ နှစ်အတွင်း သွားရောက်သည့် ပထမဆုံး ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

ထုတ်ပြန်ချက်အရ တတိယမြောက် ချားလ်ဘုရင်နှင့် မိဖုရား ကာမီလာတို့၏ဖိတ်ကြားချက်အရ တီနူးဘူနှင့် ၎င်း၏ဇနီးတို့ကို မတ် ၁၈ ရက်နှင့် ၁၉ ရက် နှစ်ရက်ကြာ ခရီးစဉ်အတွင်း ဝင်ဆာရဲတိုက်၌ ကြိုဆိုသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ၎င်းသည် ဝင်ဆာရဲတိုက်၌ ဗြိတိန်ဘုရင်၏ ကြိုဆိုညှော်ခံမှုကိုရရှိသည့် ပထမဆုံး နိုင်ဂျီးရီးယား ခေါင်းဆောင်လည်း ဖြစ်လာမည်ဖြစ်သည်။



ဝင်ဆာရဲတိုက်တွင် ခေါင်းဆောင်နှစ်ဦးသည် နိုင်ဂျီးရီးယားနိုင်ငံနှင့်ပတ်သက်သည့် တော်ဝင်စုဆောင်းမှုဆိုင်ရာပြပွဲကို လှည့်လည်ကြည့်ရှုကြမည်ဖြစ်ကြောင်း၊ ထို့နောက် သီးသန့်ဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်ပြီး ဘာသာပေါင်းစုံ အဖွဲ့အစည်းများနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တီနူးဘူသည် အမှတ် ၁၀ ဒေါင်းနင်းလမ်းရှိ ဝန်ကြီးချုပ် ကီယာစတာမာနှင့်လည်း တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံမြောက်ပိုင်း ကမ်းလွန်ပင်လယ်ပြင်တွင် ငါးဖမ်းလှေနှင့် ကုန်တင်သင်္ဘောတစ်စင်း တိုက်မိမှုဖြစ်ပွား

**တိုကျို မတ် ၁၇**
ဂျပန်နိုင်ငံ မြောက်ပိုင်း အအိုမိုရီခရိုင် ကမ်းလွန်ပင်လယ်ပြင်တွင် မတ် ၁၇ ရက်က ဒေသခံငါးဖမ်းလှေတစ်စင်းသည် ကုန်တင်သင်္ဘောတစ်စင်းနှင့် တိုက်မိမှုဖြစ်ပွားပြီးနောက် တိမ်းမှောက်ခဲ့ရာ လေးဦး သေဆုံးကြောင်း အာဏာပိုင်များက ပြောသည်။

အခြားအမှုထမ်း ကိုးဦးမှာ ထိခိုက်ဒဏ်ရာမရရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ အအိုမိုရီခရိုင် မိဆာဝါမြို့ကမ်းရိုးတန်းနှင့် ၂၀ ကီလိုမီတာခန့်အကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ နံနက် ၁ နာရီ ၁၈ မိနစ်ဝန်းကျင်တွင် ကုန်တင်သင်္ဘောကပ္ပတိန်၏ သတင်းပေးပို့ချက်ကို ကမ်းခြေစောင့်တပ်ဖွဲ့က လက်ခံရရှိခဲ့ကြောင်း သိရသည်။

ကမ်းခြေစောင့်တပ်ဖွဲ့သည် မတော်တဆမှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ မတော်တဆမှုဖြစ်ပွားချိန်တွင် လှိုင်းအမြင့် တစ်မီတာခန့်ရှိကြောင်း၊ ရာသီဥတုကောင်းမွန်ကြောင်းနှင့် မြင်ကွင်းမှာလည်း ကြည်လင်ကောင်းမွန်ကြောင်း ပြောသည်။ **အင်န်အိတ်ချ်ကေ**

## ဟော်မုဇ်ရေလက်ကြား ဘေးကင်းလုံခြုံအောင် ကာကွယ်ပေးရန် နိုင်ငံများကို သမ္မတ ထရမ့် တောင်းဆို

**ဝါရှင်တန် မတ် ၁၇**
အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ထိရောက်စွာပိတ်ဆို့ထားသည့် ဟော်မုဇ်ရေလက်ကြားကို လုံခြုံအောင် ကာကွယ်ပေးရာတွင် အကူအညီပေးရန် အရှေ့အလယ်ပိုင်း ရေနံများအပေါ် မှီခိုအားထားနေရသည့် နိုင်ငံများကို တောင်းဆိုလိုက်သည်။

နိုင်ငံများသည် သမ္မတထရမ့်၏ အစောပိုင်းတောင်းဆိုမှုများအပေါ် အမျိုးမျိုးသောတုံ့ပြန်မှုများ ပေးခဲ့ကြသည်။

သမ္မတထရမ့်၏ တောင်းဆိုမှုများကို ဂရုတစိုက်ပြန်လည်သုံးသပ်ပြီးနောက် တောင်ကိုရီးယားအစိုးရသည် အမေရိကန်ပြည်ထောင်စုနှင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆုံးဖြတ်ချက်များ ချမှတ်သွားမည် ဖြစ်ကြောင်း တောင်ကိုရီးယား သမ္မတရုံးမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက မတ် ၁၆ ရက်က ပြောကြားခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ကီယာစတာမာက တခြားနိုင်ငံများနှင့် အတူ လက်တွေ့အလုပ်ဖြစ်သည့် အစီအစဉ်တစ်ခုကို လုပ်ဆောင်နေသည်ဟု ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံသည် ဤအရေးတွင် စစ်ရေးအရပါဝင်သွားမည် မဟုတ်ကြောင်း ဂျာမနီဝန်ကြီးချုပ် ဖရိုင်းဒရစ်မာ့ဇ်က ပြောကြားလိုက်သည်။

၎င်းနိုင်ငံများအနေဖြင့် မိမိတို့ကို ကျေးဇူးတင်သင့်ရုံမျှသာမက မိမိတို့ကို ကူညီသင့်သည်ဟု အမေရိကန်သမ္မတထရမ့်က အိမ်ဖြူတော်တွင် သတင်းထောက်များကို ပြောကြားလိုက်သည်။ ဤအရေးတွင် သူတို့ စိတ်အားထက်သန်ခြင်းမရှိခြင်းကို မိမိအနေဖြင့် အံ့သြသည်ဟု သမ္မတထရမ့်က ပြောသည်။ **အင်န်အိတ်ချ်ကေ**

## ကဘူးလ်မြို့ရှိ ဆေးရုံ လေကြောင်းတိုက်ခိုက်ခံရ၊ ၄၀၀ ထက်မနည်း သေဆုံးပြီး ၂၅၀ ခန့် ထိခိုက်ဒဏ်ရာရ

**ကဘူးလ် မတ် ၁၇**
ကဘူးလ်မြို့ရှိ ဆေးရုံတစ်ရုံကို ပါကစ္စတန်က ပစ်မှတ်ထား လေကြောင်းတိုက်ခိုက်မှုကြောင့် လူပေါင်း ၄၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်းနှင့် အခြား ၂၅၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ တာလီဘန် ယာယီကြားဖြတ်အစိုးရက ပြောသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ မြို့တော် ကဘူးလ်ရှိ မူးယစ်ဆေးစွဲဝေဒနာရှင်များအား ဆေးဝါးကုသမှုပေးနေသည့် အထူးကုဆေးရုံတစ်ရုံကို မတ် ၁၆ ရက် ညပိုင်းက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တာလီဘန် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

ပါကစ္စတန်က အဆိုပါ ဆေးရုံကို ပစ်မှတ်ထား တိုက်ခိုက်မှုနှင့်ပတ်သက်၍ ငြင်းဆိုထားသည်။ တာလီဘန်တို့၏ စစ်ဘက်ဆိုင်အရာ အဆောက်အအုံများကိုသာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။ ထို့ပြင် အဆိုပါအဆောက်အအုံများတွင် ပါကစ္စတန်အရပ်သားများကို တိုက်ခိုက်ရန် နည်းပညာသုံးပစ္စည်းကိရိယာများနှင့် လက်နက်များ သိုလှောင်သိမ်းဆည်းထားကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

နယ်စပ်ဖြတ်ကျော် အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်ပြီး ပြီးခဲ့သည့်အောက်တိုဘာလနောက်ပိုင်း ပါကစ္စတန်နှင့် တာလီဘန်တို့အကြား ပဋိပက္ခဖြစ်ပွားမှုများ မြင့်တက်လာခဲ့သည်။ ယင်းနောက် နှစ်နိုင်ငံအကြား ချက်ချင်းပစ်ခတ်တိုက်ခိုက်မှုရပ်စဲရန် သဘောတူခဲ့သော်လည်း ပြီးခဲ့သည့်လနောက်ပိုင်း ပဋိပက္ခပြန်လည်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**




## သီရိလင်္ကာဗဟိုဘဏ် အမျိုးသားဘဏ္ဍာငွေကြေးစနစ်ဆိုင်ရာ မဟာဗျူဟာအစီအစဉ်စတင်

**ကိုလံဘို မတ် ၁၇**
သီရိလင်္ကာနိုင်ငံ ဗဟိုဘဏ်သည် အမျိုးသားဘဏ္ဍာငွေကြေးစနစ်ဆိုင်ရာ မဟာဗျူဟာအစီအစဉ်၏ ဒုတိယအဆင့်အတွက် အချက်အလက်များ ကောက်ယူစုဆောင်းရန် နိုင်ငံလုံးဆိုင်ရာ စစ်တမ်းတစ်ရပ်ကို စတင်လိုက်သည်။

အဆိုပါစစ်တမ်းသည် ကျေးရွာဒေသအဆင့် အုပ်ချုပ်ရေးနယ်မြေ ၄၈၀ ကို လွှမ်းခြုံနိုင်မည်ဖြစ်ပြီး အားလုံးပါဝင်နိုင်မှုကို ကိုယ်စားပြုနိုင်မည်ဖြစ်သည်။

အဆိုပါစစ်တမ်းက ငွေစုခြင်း၊ ဘဏ်၊ စုဆောင်းငွေ၊ အာမခံနှင့် အခြားဝန်ဆောင်မှုများကို အသုံးပြုရာတွင် အခက်အခဲတစ်စုံတစ်ရာရှိမရှိကို စစ်ဆေးအကဲဖြတ်သွားမည်ဖြစ်သည်။ **ဆင်ဟွာ**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရားအတွင်း-ခရားအပြင် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်

ဘားအံ မတ် ၁၇

**(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဘားအံခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ခရားအတွင်း-ခရားအပြင် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်း မုခ်ဦးတည်နေရာ၌ ကျင်းပသည်။**

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ကွန်ကရစ်လမ်းသစ်ကို ဖွင့်လှစ်ပေးပြီး အခမ်းအနားသို့တက်ရောက်လာသော မွန်ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ်၍ လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ **(ယာပုံ)** လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ယခုကဲ့သို့ ကျေးလက်လမ်းတံတားများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်၊ မြို့ပြအချိုးညီ ဖွံ့ဖြိုးတိုးတက်လာပြီး ကျေးရွာမှမြို့ပြအသွင်သို့ အချိန်တိုအတွင်း တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော် အကြိုမိတ်ဆက်ခြင်း အခမ်းအနားကို ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အတူတကွကြိုးပမ်းဆောင်ရွက်ကာ ပြည်သူများ ယုံကြည်အားထားရသည့် လွှတ်တော်တစ်ရပ် ပေါ်ပေါက်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း အမှာစကား ပြောကြားသည်။



ဆက်လက်၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်ကြပြီး ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က လွှတ်တော်ရုံးနှင့်ပတ်သက်သည်များ၊ ကရင်ပြည်နယ်တရားလွှတ်တော်ရုံးက ပြည်နယ်တရားလွှတ်တော်ဆိုင်ရာဗဟုသုတများနှင့် ပြည်နယ်ဥပဒေချုပ်ရုံးက ဥပဒေပိုင်းဆိုင်ရာ ဗဟုသုတများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်ရန် ပူးပေါင်းကြံစည်မှုဖြင့် ယူကရိန်းနိုင်ငံသား ခြောက်ဦးနှင့် အမေရိကန်နိုင်ငံသား တစ်ဦးတို့အား အိန္ဒိယနိုင်ငံ အမျိုးသားစုံစမ်းစစ်ဆေးရေးအေဂျင်စီ (NIA)မှ ဖမ်းဆီးထိန်းသိမ်း




**နယူးဒေလီ မတ် ၁၇**

အိန္ဒိယနိုင်ငံ၊ အမျိုးသားစုံစမ်းစစ်ဆေးရေးအေဂျင်စီ National Investigation Agency (NIA) သည် အိန္ဒိယနိုင်ငံအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ရန် ပူးပေါင်းကြံစည်မှု စွပ်စွဲချက်ဖြင့် နိုင်ငံခြားသား ခုနစ်ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးထိန်းသိမ်းမှုတွင် ယူကရိန်းနိုင်ငံသား ခြောက်ဦးနှင့် အမေရိကန်နိုင်ငံသား တစ်ဦးတို့ပါဝင်ပြီး ဖမ်းဆီးမှုများကို Delhi ၊ Kolkata နှင့် Lucknow တို့ရှိ လေဆိပ်များတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စုံစမ်းစစ်ဆေးချက်များအရ အဆိုပါနိုင်ငံခြားသားများသည် အိန္ဒိယနိုင်ငံသို့ တရားဝင်ဗီဇာဖြင့် ဝင်ရောက်လာခြင်းဖြစ်သော်လည်း တားမြစ်နယ်မြေဖြစ်သည့် Mizoram ပြည်နယ်သို့ ခွင့်ပြုမိန့်မပါဘဲ သွားရောက်ကာ ထိုမှတစ်ဆင့် မြန်မာနိုင်ငံဘက်သို့ ဖြတ်ကျော်ခဲ့ပြီး အိန္ဒိယနိုင်ငံကို ဆန့်ကျင်လျက်ရှိသည့် လက်နက်ကိုင်အဖွဲ့များနှင့် ဆက်သွယ်ခဲ့ကြောင်း၊ ဥရောပမှ ဒရုန်းများကို တင်သွင်းကာ လက်နက်ကိုင်အဖွဲ့များထံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

ဒေလီမြို့ရှိ ရာဇဝတ်ရုံးမှ အဆိုပါ ဖမ်းဆီးခံရသူများကို မတ် ၂၇ ရက်အထိ ထိန်းသိမ်းထားရှိရန် အမိန့်ချမှတ်ခဲ့ပြီး လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း Indian Express သတင်းဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ၂၀၂၆ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကို အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**သစ် တော သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ**

# နွေခေါင်ခေါင် နေရောင်အစွမ်းဖြင့် သီးနှံများ စိုက်ပျိုးကြပါစို့

**ယခုနှစ်နွေက ယခင်နှစ်များကဲ့သို့ပင် နွေဦးသစ္စာဖြင့် အပူကို စတင်ခံစားရသည်။ ကောင်းကင်၌လည်း တိမ်ကမရှိ ပကတိကြည်ကြည်လင်လင် မြင်မြင်သမျှ တောက်ပလင်းလက်လွန်းသည်။ ရန်ကုန်-ပုသိမ်လမ်းမကြီးက လမ်းချဲ့ထွင်ခဲ့သဖြင့် ကျယ်ပြန့်လာသည်နှင့်အမျှ ယခင်က လမ်းပေါ် နေပြောက်မထိုးအောင် အရိပ်ပေးသည့် သစ်ပင်ကြီးတို့လည်း ကွယ်ပျောက်ခဲ့ရသဖြင့် နေပူရှိန်က ပို၍ပူပြင်းသည်ဟု ထင်ရသည်။**

*နေထက်ရှိန်(ကျေးလက်)*

သို့သော် လမ်းမကြီးဘေး လယ်ကွင်းများမှာ စိမ်းမြမြရှိနေဆဲပင်ဖြစ်သည်။ လယ်ကွက်အချို့တွင် ဝင်းဝင်းဝါဝါ ရိတ်သိမ်းဆဲမြင်ကွင်းများနှင့် အချို့နေရာများတွင် စိုက်ပျိုးပြီးစ စိမ်းမြမြ။ ရေရသမျှနေရာတို့တွင် နွေစပါးများ စိုက်ပျိုးထားကြသည်။ လေအေးစက်တပ်ယာဉ်ဖြင့် ခရီးသွားရသည့်အခါ နေပူစပ်ခါး အလုပ်များကြသူ တောင်သူဦးကြီးတို့ကို လယ်ကွင်းများအကြား မြင်တွေ့ရသည့်အခါ ကျေးဇူးတင် အားနာရပြန်သည်။ ကားအတွင်း အေးမြစေရန် ကားအပြင်သို့ အပူများစွန့်ထုတ်ရသည်။ ကားအင်ဂျင်မှ ထွက်ရှိသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များမှာ ကမ္ဘာကြီးကို ပို၍ပူနွေးစေသည်။



ငပုတောမြို့နယ် သက္ကယ်ချောင်းကျေးရွာ၌ ရှစ်လက်မ ဆိုလာပန့်ဖြင့် နွေစပါးစိုက်ပျိုးနေစဉ်။

ရုပ်ကြွင်းလောင်စာ အသုံးပြုမှုမြင့်မားခြင်းက ကမ္ဘာ့အပူချိန်ကို တိုးစေခြင်းဖြစ်ရာ မည်သူမပြု မိမိမှုဟုသာ ဆိုရမည်ဖြစ်သည်။ သို့သော် နဖူးကချွေးစ ခြေမကျသည်အထိ ပူလွန်းသည့်နေကို အပြုံးနှင့်ကြိုကြသူများကား တောင်သူများပင်ဖြစ်သည်။ စပါးသီးနှံတို့ ရောဂါကင်းစင် ဖြစ်ထွန်းအောင်မြင်စေရန် နေရောင်ခြည်က အဓိကလိုအပ်သောကြောင့် ဖြစ်သည်။ ထို့မျှမက နွေစပါးအတွက် အဓိကလိုအပ်သော ရေကိုလည်း နေရောင်ခြည်ကပင် ဆောင်ယူပေးနိုင်ခြင်းပင်ဖြစ်သည်။

"ကျွန်တော်က နွေစပါးခြောက်ဧက စိုက်ထားတယ်၊ ရက် ၁၁၀ သက်တမ်းပါ။ စက်ရေတွင်းက ရေတင်သုံးတယ်၊ သုံးရက်တစ်ခါ ရေတင်ပြီး တစ်ခါတင်ရင် တစ်ရက်ကြာတယ် ဆီက ခြောက်ဂါလန်ကုန်တယ်။ တစ်ရာသီအတွက် ဆီ ၁၆၅ ဂါလန်ကုန်တယ်"ဟု ရေကြည်မြို့နယ် ကွင်းသုံးဆင့်ရွာမှ တောင်သူကြီးတစ်ဦးက ပြောပြသည်။

"ဒီနှစ်ကျေးလက်က သုံးလက်မ ဆိုလာပန့်ဆင်ပေးတော့ ဆီမကုန်တော့ဘူး၊ အခုဆီဈေးနဲ့ဆို ငွေကျပ် ၁၇ သိန်းလောက် သက်သာသွားပြီ" ဟု ကျေးဇူးရှင်တောင်သူကြီးများက ပြောကြသည်။ စပါးဈေးအသင့်အတင့်အချိန် သွင်းအားစုစရိတ်ကို လျှော့ချနိုင်သဖြင့် အမြတ်အစွန်း ပိုမိုရရှိနိုင်မည်ဖြစ်သဖြင့် ဝမ်းသာနေကြသည်။

ငပုတောမြို့နယ် သက္ကယ်ချောင်းရွာမှ တောင်သူတစ်ဦးက "ကျွန်တော်က နွေစပါး ဧက ၃၀ စိုက်တယ်၊ ချောင်းရေကို ဒလက်ဂျာနဲ့ တင်ရတယ်။ တစ်ရာသီကို ဒီဇယ်က ဂါလန် ၁၈၀ ကုန်တယ်"ဟု ဆိုသည်။ ဒလက်ဂျာသည် ဒေသသုံး အနိမ့်တင် Inclined pump တစ်မျိုးဖြစ်ပြီး အင်ဂျင်ဖြင့် မောင်းရသည်။ ထိုဒလက်ဂျာကို အင်ဂျင်အစား အေစီမော်တာဖြင့် မောင်းပြီး မော်တာအတွက် လျှပ်စစ်ကို ဆိုလာပြားများနှင့် အင်ဗာတာတို့ဖြင့် ထုတ်ပေးသည့် ရှစ်လက်မ ဆိုလာပန့်တစ်မျိုးကိုလည်း ကျေးလက်ဌာနက တပ်ဆင်ပေးထားရာ "ဒီနှစ်တော့ ဒီဇယ်ဖိုး ၁၈ သိန်းကျော် မကုန်တော့ဘူး"ဟု အားပါးတရပြုံးရင်း ပြောသည့်စကားက စာရေးသူကို မုဒိတာပွားစေသည်။



မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုကျေးရွာ၌ ဆိုလာပန့်ဖြင့် ရေတင်၍ နွေစပါးနှင့် နေကြာစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

နိုင်ငံတော်အနေဖြင့် ပြည်ပမှ စားသုံးဆီ တင်သွင်းမှု လျော့ကျစေရေးနှင့် ပြည်တွင်း စားသုံးဆီ ဖူလုံစေရေးတို့အတွက် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးစီမံကိန်းကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းပေါင်း ၅၃၆ ခု၊ စိုက်ပျိုးဧကပေါင်း ၂၇၇၀၀ ကျော်အကျိုးပြုပေးနိုင်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှစတင်၍ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရန် ဆိုလာပန့် ၄၆ စုံကို ကျေးရွာ ၂၈ ရွာ၌ နိုင်ငံတော်အစိုးရ၏အစီအစဉ်ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပထမဦးစွာ တပ်ဆင်ပေးခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နွေစပါး စိုက်ခင်းများအတွက် သုံးလက်မ ဆိုလာပန့် ၁၄ စုံကို ကျေးရွာ ၁၄ ရွာ၌ ဆက်လက် တပ်ဆင်ပေးခဲ့သည်။ နှစ်စဉ် ဆိုလာပန့်များကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရန်ပုံငွေများဖြင့် ဆီထွက်သီးနှံအပြင် နွေစပါးများနှင့် စီမံကိန်းဝင်သီးနှံများအတွက် ဆက်လက်တိုးချဲ့တပ်ဆင်ပေးခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ဆိုလာပန့် ၂၂၉ စုံကို ကျေးရွာ ၂၁၆ ရွာ၌ တပ်ဆင်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ယင်းတို့တွင် နွေစပါးများအတွက် အထူးအသုံးဝင်သော အနိမ့်တင် ရှစ်လက်မ ဆိုလာပန့် ၄၁ စုံ၊ စက်ရေတွင်း ရေတင် သုံးလက်မ ဆိုလာပန့် ၆၇ စုံနှင့် လေးလက်မ ဆိုလာပန့် ၆၆ စုံ ပါဝင်သကဲ့သို့

> **❝ ဆိုလာပန့်များ အသုံးပြုခြင်းဖြင့်ရရှိမည့် အကျိုးကျေးဇူးမှာ စက်သုံးဆီဖိုး လျှော့ချနိုင်ခြင်းနှင့် တောင်သူဦးကြီးများ ဝင်ငွေတိုးပွားလာခြင်းသာမက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုလည်း များစွာလျော့ကျစေသည်။ ဒီဇယ်ဆီ တစ်ဂါလန် လောင်ကျွမ်းတိုင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ၂၂ ဒသမ ၃၈ ပေါင် ထွက်ရှိသဖြင့် နွေစပါး ခြောက်ဧကစာအတွက် စက်ရေတွင်းရေကို ဒီဇယ်အင်ဂျင်ဖြင့် ရေတင်မည်ဆိုပါက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ၁ ဒသမ ၆ တန်ကျော် ကမ္ဘာ့လေထုထဲ ရောက်ရှိမည်ဖြစ်သည်။ အရွယ်ရောက်ပြီးသား သစ်ပင်တစ်ပင်သည် တစ်နှစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုဒ် ၄၈ ပေါင်ကိုသာ စုပ်ယူနိုင်သဖြင့် စပါးခြောက်ဧကစာ တစ်တန်ခွဲ ပမာဏကို လျှော့ချရန် သစ်ပင် ၇၇ ပင်ခန့် လိုအပ်မည်ဖြစ်သည်။ အင်ဂျင်ရေစုပ်စက်အစား သုံးလက်မ ဆိုလာပန့်တစ်စုံကို တစ်သီးစာအသုံးပြုခြင်းက အရွယ်ရောက်ပြီး သစ်ပင်ပေါင်း ၇၇ ပင်၏ တစ်နေ့တာ ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူပေးရမည့်ပမာဏကို လျှော့ချပေးလိုက်ခြင်းပင်ဖြစ် ❞**

ကျန်ဆိုလာပန့် ၅၅ စုံကို ဆီထွက်သီးနှံများအတွက် အသုံးပြုသည်။ ထိုဆိုလာပန့်များက ဆီထွက်သီးနှံနှင့် နွေစပါးအပါအဝင် စီမံကိန်းဝင်သီးနှံ စိုက်ပျိုးရာတွင် စက်သုံးဆီသုံးစွဲမှုလျှော့ချရေး တောင်သူများ၏ ထုတ်လုပ်မှုကုန်ကျစရိတ် လျော့နည်းစေရေးတို့ကို အထောက်အကူပြုနေပြီဖြစ်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆိုလာရေတင်စနစ် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်မှသည် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်အလိုက် လုပ်ငန်းကြီးကြပ်ရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ကျေးရွာများအလိုက် စိုက်ပျိုးရေ ပေးဝေမှုကို စီမံကွပ်ကဲလုပ်ဆောင်နိုင်စေရန် ကျေးရွာအဆင့် ဆိုလာစနစ်သုံး စိုက်ပျိုးရေအသုံးချရေးကော်မတီများကိုလည်း ဖွဲ့စည်းထားရှိသည်။ ထို့နောက် ဌာနမှ သက်ဆိုင်ရာ ကျေးရွာစိုက်ပျိုးရေ အသုံးချရေးကော်မတီသို့ စနစ်တကျလွှဲပြောင်းပေးအပ်ပြီး ကော်မတီက ဆိုလာစနစ်သုံး ရေတင်ပန့်များဖြင့် စိုက်ပျိုးရေ ရယူအသုံးပြုခြင်းအတွက် ပြုပြင်ထိန်းသိမ်းစရိတ်နှင့် အလုပ်သမားခများ ပေးချေနိုင်ရေးကို စိုက်ပျိုးရေ ရယူအသုံးပြုမည့် တောင်သူများနှင့်ညှိနှိုင်း၍ ဆောင်ရွက်ပေးသည်။

ကျေးရွာများအနေဖြင့် စိုက်ပျိုးရေပေးဝေခြင်းအပါအဝင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရေဖိုးရေခကောက်ခံ၍ စီမံခန့်ခွဲခြင်းတို့ကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခွင့်ရရှိကြသည့်အတွက် စီမံခန့်ခွဲမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းဆုံးဖြတ်နိုင်မှု စွမ်းရည်များ တိုးတက်လာစေသကဲ့သို့ နေရောင်ခြည်စွမ်းအင်ကို အသုံးပြုခြင်းဖြစ်၍ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေပြီး စက်သုံးဆီသုံးစွဲမှု ကုန်ကျစရိတ်ကိုပါ လျှော့ချပေးနိုင်မည်ဖြစ်သည်။

ဆိုလာပန့်များ အသုံးပြုခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးမှာ စက်သုံးဆီဖိုး လျှော့ချနိုင်ခြင်းနှင့် တောင်သူဦးကြီးများ ဝင်ငွေတိုးပွားလာခြင်းသာမက ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်မှုကိုလည်း များစွာလျော့ကျစေသည်။ ဒီဇယ်ဆီ တစ်ဂါလန် လောင်ကျွမ်းတိုင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ၂၂ ဒသမ ၃၈ ပေါင် ထွက်ရှိသဖြင့် နွေစပါး ခြောက်ဧကစာအတွက် စက်ရေတွင်းရေကို ဒီဇယ်အင်ဂျင်ဖြင့် ရေတင်မည်ဆိုပါက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ၁ ဒသမ ၆ တန်ကျော် ကမ္ဘာ့လေထုထဲ ရောက်ရှိမည်ဖြစ်သည်။ အရွယ်ရောက်ပြီးသား သစ်ပင်တစ်ပင်သည် တစ်နှစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုဒ် ၄၈ ပေါင်ကိုသာ စုပ်ယူနိုင်သဖြင့် စပါးခြောက်ဧကစာ တစ်တန်ခွဲ ပမာဏကို လျှော့ချရန် သစ်ပင် ၇၇ ပင်ခန့် လိုအပ်မည်ဖြစ်သည်။ အင်ဂျင်ရေစုပ်စက်အစား သုံးလက်မ ဆိုလာပန့်တစ်စုံကို တစ်သီးစာအသုံးပြုခြင်းက အရွယ်ရောက်ပြီးသစ်ပင်ပေါင်း ၇၇ ပင်၏ တစ်နေ့တာ ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူပေးရမည့်ပမာဏကို လျှော့ချပေးလိုက်ခြင်းပင်ဖြစ်သည်။

ထို့အတူ နွေစပါး ဧက ၃၀ အတွက် သုံးရသည့် အနိမ့်တင် ဒလက်ဂျာ၏ ဒီဇယ်ဂါလန် ၁၈၀ လျှင် ကာဗွန်ဒိုင်အောက်ဆိုဒ် ၁ ဒသမ ၈ တန်ခန့် ထုတ်လွှတ်မည်ဖြစ်ရာ ထိုပမာဏကို တစ်နှစ်တာအတွင်း ပြန်လည်စုပ်ယူရန် သစ်ပင်ပေါင်း ၈၄ ပင်လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် ဒလက်ဂျာအစား ရှစ်လက်မ အနိမ့်တင် ဆိုလာပန့် တစ်စုံကို တစ်သီးစာအသုံးပြုခြင်းဖြင့် သစ်ပင်ပေါင်း ၈၄ ပင် စိုက်ပျိုးခြင်းနှင့် တူညီမည်ဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*

# အားကစားနည်းအလိုက် ဒိုင်၊ နည်းပြသင်တန်း၊ ပအိုဝ်းတိုင်းရင်းသားရိုးရာ အထည်ချုပ်သင်တန်းနှင့် ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးသင်တန်းဖွင့်ပွဲများကျင်းပ



**တောင်ကြီး မတ် ၁၇**
ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ ကျင်းပသော အားကစားနည်းအလိုက် ဒိုင်၊ နည်းပြသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယခုသင်တန်းကို မြန်မာ့အားကစားတိုးတက်မြင့်မားရေးအထောက်အကူဖြစ်စေရန်၊ အရည်အသွေးပြည့်ဝသည့် ဒိုင်၊ နည်းပြဆရာများ ပေါ်ထွက်လာစေရန်၊ ပြောင်းလဲလာသည့် အားကစားနည်းအလိုက် ဥပဒေသစ်များကို ခေတ်နှင့်အညီ သိရှိနားလည်လာစေရန်၊ ရှမ်းပြည်နယ်အတွင်း အားကစားနည်းအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ အားကစားနည်းအလိုက် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ ဒိုင်၊ နည်းပြသင်တန်း(၁/၂၀၂၆) ကို အားကစားနည်း ၁၃ မျိုးနှင့်စပ်လျဉ်း၍ နည်းပြအဖြစ်ဆောင်ရွက်နိုင်ရန် သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၄၈ ဦး တက်ရောက်ကြသည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ နောင်တောင်းပရဟိတတပ်ဦးကျောင်းတိုက်၌ ကျင်းပသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှု ဒုတိယအကြိမ် ရွှေ့ပြောင်းစီမံကိန်းအရ စီမံကိန်းနယ်မြေအတွင်း ပအိုဝ်းတိုင်းရင်းသားရိုးရာအထည်ချုပ်သင်တန်းနှင့် ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီး သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းအတွက် ရန်ပုံငွေ၊ အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ရာ သင်တန်းနည်းပြဆရာမများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက ပအိုဝ်းရိုးရာ အဆို၊ အက၊ အတီးသင်တန်းအတွက် သင်ထောက်ကူပစ္စည်းများပေးအပ်ရာ သင်တန်းနည်းပြဆရာများက လက်ခံရယူကြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြ၍ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်ထောက်ကူအပ်ချုပ်စက်နှင့် အိုးစည်ဗုံမောင်း၊ လင်းကွင်းတို့ကို ကြည့်ရှုသည်။

ယင်းနောက် နောင်တောင်းပရဟိတ တပ်ဦးကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တရာဇိန္ဒအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ နွေရာသီ ပအိုဝ်းတိုင်းရင်းသား စာပေနှင့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း တက်ရောက်နေကြသည့်သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက ရှမ်းတောင်အအေးခန်းကုမ္ပဏီလီမိတက်နှင့် ရှမ်းတောင်အက်ဂရိအိတ်(စ်)ချိန်းကုမ္ပဏီလီမိတက်တို့မှ ကော်မတီသို့ တင်ပြခွင့်ပြုမိန့်တောင်းခံလာသည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မောင်မောင်သန်း(တောင်ကြီး)**



## လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၇**
ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ ဆေးရုံတက်လူနာများအတွက် ချီးမြှင့်ငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆရာဝန်များနှင့် ဆေးရုံဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## "အားလုံးကို ကျော်ဖြတ်ကြမယ်" မြန်မာ-ကိုရီးယား လူငယ်ဒရာမာရုပ်သံဇာတ်လမ်းတွဲ ရန်ကုန်မြို့ သုဝဏ္ဏရုံ (၁)၌ ဆက်လက်ရိုက်ကူးလျက်ရှိ

**နေပြည်တော် မတ် ၁၇**
မြန်မာ-ကိုရီးယား ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ကိုရီးယားနိုင်ငံ KK Media Co.,Ltd. တို့ပူးပေါင်း၍ လူငယ်ပရိသတ်များကို ဦးတည်သည့် "အားလုံးကို ကျော်ဖြတ်ကြမယ်" (All Pass ) လူငယ်ဒရာမာရုပ်သံဇာတ်လမ်းတွဲအား နာမည်ကျော် ကိုရီးယားဒါရိုက်တာ - ရှင်ကီဝန်း ဦးဆောင်၍ ကိုရီးယားသရုပ်ဆောင် ၁၃ ဦး၊ မြန်မာသရုပ်ဆောင် ၁၁ ဦးတို့ဖြင့် ရန်ကုန်မြို့ရှိ အထင်ကရနေရာများတွင် ဖေဖော်ဝါရီ ၂၆ ရက်မှ မတ်လကုန်အထိ ရိုက်ကူးရေးဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့ နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် သထုံလမ်းရှိ နိုင်ငံခြားဘာသာတက္ကသိုလ် အဆောက်အအုံတို့တွင် ရိုက်ကူးပြီးစီးပြီဖြစ်၍ မတ် ၁၇ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံ (၁)၌ ရိုက်ကူးရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို မြန်မာ-ကိုရီးယား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှစ် (၅၀) ပြည့်ကာလကို ဂုဏ်ပြုသောအားဖြင့် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်နိုင်ရန်၊ လူငယ်များ အတွေးအခေါ်မှန်ကန်ပြီး ဘဝအောင်မြင်ရေးအတွက် အရည်အချင်း တိုးမြင့်လာစေရန်နှင့် စိတ်ခွန်အားပေးနိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် ရိုက်ကူးခြင်းဖြစ်ပြီး ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးပြီးစီးပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ကိုရီးယားနိုင်ငံ IHQ Channel တို့တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



*စာမျက်နှာ ၁၆ မှ*

လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု၊ စက်မှုလုပ်ငန်း၊ ကုန်းလမ်းပို့ဆောင်ရေး၊ လူနေထိုင်မှုနှင့် ရေကြောင်း၊ လေကြောင်းသယ်ယူပို့ဆောင်ရေးဟူသည့် အဓိကကဏ္ဍအသီးသီး၏ ကမ္ဘာလုံးဆိုင်ရာ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုအနေဖြင့် ၁၉၇၈ ခုနှစ်တွင် ၁၉ ဒသမ ၀၆ ဘီလီယံ မက်ထရစ်တန်သာရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် ၂၅ ဒသမ ၅ ဘီလီယံမက်ထရစ်တန်နှင့် ၂၀၂၅ ခုနှစ်တွင် ၃၈ ဒသမ ၁ ဘီလီယံမက်ထရစ်တန်အထိ မြင့်မားလာကြောင်း သိရသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှု မြင့်မားလာခြင်းနှင့်အတူ ကမ္ဘာ့အပူချိန်သည်လည်း မြင့်မားလာရာ တစ်နှစ်ထက်တစ်နှစ် ပိုမိုပူပြင်းမှုကို ကြုံတွေ့လာကြရသည်။ စွမ်းအင်လိုအပ်ချက်မြင့်မားမှုအပေါ် ရုပ်ကြွင်းလောင်စာ အသုံးပြုမှုအစား ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုခြင်းနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူသည့်သစ်ပင်များ စိုက်ပျိုးခြင်းကသာ ကမ္ဘာ့အပူချိန်ကို လျှော့ချစေနိုင်မည်ဖြစ်သည်။

ယခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးရှိ နွေစပါးနှင့် ဆီထွက်သီးနှံ စိုက်ပျိုးမြေဧက ၈၂၀၀ တွင် စိုက်ပျိုးရေရရှိအောင် ဆိုလာပန့်များဖြင့် ရေဂါလန် သန်း ၃၁၀၀ ကျော် ရယူအသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။ ထိုစိုက်ဧကများအတွက် စက်သုံးဆီသုံးစွဲမှု ခန့်မှန်း ဂါလန်ပေါင်း ၁၀၈၀၀၀ ကျော်ကို လျှော့ချပေးနိုင်ခဲ့သဖြင့် အရွယ်ရောက်ပြီး သစ်ပင်ပေါင်း ၅၀၀၀၀ ကျော် စိုက်ပျိုးထားသည်နှင့် အကျိုးပမာဏတူညီပါသည်။

ထို့ကြောင့် နွေနေပူတွင် နေရောင်ခြည်မှရသည့် စွမ်းအင်ကို ရယူအသုံးပြုထားသော ဆိုလာပန့်ဖြင့် စိုက်ပျိုးထားသည့် နွေစပါးခင်း စိမ်းစိမ်းတို့သည် မြင်ရသူအတွက်အေးမြမှုကိုပေးစွမ်းနိုင်သည်သာမက ကမ္ဘာကြီးကို ပူနွေးစေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကိုပါ လျှော့ချပေးနိုင်ရာ နွေခေါင်ခေါင်နေရောင်အစွမ်းဖြင့် သီးနှံများ စိုက်ပျိုးကြခြင်းကို မုဒိတာပွား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

## ဘားအံမြို့ တရုတ်လှကျွန်းနှင့် ကော့ဂွန်းကြား သံလွင်မြစ်သောင်တူးခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**ဘားအံ မတ် ၁၇**

ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးညီညီဇော်က ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) သောင်တူးဌာနခွဲမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဘားအံမြို့ ရေကြီးရေလျှံမှု လျော့နည်းစေရေးအတွက် တရုတ်လှကျွန်းနှင့် ကော့ဂွန်းကြား သံလွင်မြစ် သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့က ရေယာဉ်ဖြင့် သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါလုပ်ငန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ အထွေထွေ ပိုလျှံရန်ပုံငွေကျပ် ၁၀၄၁ ဒသမ ၈၇၅ သန်းကို တင်ဒါစိစစ်ပြီး တန်ဖိုးငွေကျပ် ၁၀၃၂ ဒသမ ၁၀ သန်းဖြင့် လျာထားအလျား မီတာ ၂၅၀၀၊ အကျယ် မီတာ ၄၀ နှင့် တူးလိုင်းအနက် လက်ရှိရေမျက်နှာပြင်အောက် ၃ မီတာ၊ လျာထား ၃၂၈၃၈၈ ကုဗမီတာကို သောင်တူးရေယာဉ်ဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ မတ် ၁၅ ရက်အထိ လုပ်ငန်းအားလုံး၏ ၉၅ ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်း ပြည်နယ်ဦးစီးမှူးက ရှင်းလင်းတင်ပြရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရေကြီးရေလျှံမှု လျော့နည်းစေရေး အကျိုးသက်ရောက်မှုရှိစေရန် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရန်နှင့် သောင်တူးဖော်သည့် စွန့်ပစ်သဲများ တူးဖော်သည့်နေရာသို့ ပြန်လည်မကျစေရေး စနစ်တကျ စီမံဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။



ပြည်နယ်(ပြန်/ဆက်)

## ပွင့်ဖြူမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ပွင့်ဖြူ မတ် ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထိန်လင်းက ကလေးအလုပ်သမားအဓိပ္ပာယ်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ကလေးအလုပ်သမားဆိုင်ရာ အသိပညာများအကြောင်းကို ဆွေးနွေးဟောပြောသည်။



ထို့နောက် ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်သက်သည့် နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသားကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ချောက်မြို့နယ်၌ အပူရှောင်စခန်း စတင်ဖွင့်လှစ်

**ချောက် မတ် ၁၇**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ထိခိုက်လွယ်သူများ (သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်များ၊ ကလေးသူငယ်များ) အပူရှောင်နိုင်ရေး၊ အပူဒဏ်မှ ကာကွယ်နိုင်ရေးအတွက် အပူရှောင်စခန်းကို အမှတ်(၁၁) ရပ်ကွက် မြို့လယ်သာသနာ့ဗိမာန်တွင် ယမန်နေ့က ဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများပါ ဆောင်ရွက်ပေးခဲ့သည်။



ဦးစွာ အပူရှောင်လာသည့် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအား စလင်းပရိယတ္တိစာသင်တိုက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကေသဝက သီလပေးတရားများချီးမြှင့်ပေးပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြဖောင်းက လျှပ်ဘေးအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောသည်။

ထို့နောက်ဌာနဆိုင်ရာတာဝန်ရှိသူများက အပူရှောင်လာသူများအား မုန့်လက်ဆောင်၊ အချိုရည်များဖြင့် ဧည့်ခံကျွေးမွေးပြီး မြို့နယ်ကျန်းမာရေးဌာနမှ ဘိုးဘွားများအား ဆီးချို၊ သွေးချိုစစ်ပေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ကျန်းမာရေး စစ်ဆေး၍ တိုင်းရင်းဆေးများ အခမဲ့ပေးအပ်ခြင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အပူရှောင်စခန်းအတွက် သောက်ရေသန့်၊ အချိုရည်များ၊ ယပ်တောင်များ စီစဉ်ဆောင်ရွက်ထားသည်။

အပူရှောင်စခန်းကို မတ် ၁၆ ရက်မှ ဧပြီ ၁၄ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

**ကျော်မိုး(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ရွေးကောက်ပွဲပြီးလို့ လွှတ်တော်ပေါ် အာဏာလွှဲဖို့လုပ်နေချိန်မှာ ဘာလုပ်ရမှန်းမသိ ကြောင်ပျောက်နေတဲ့ NUG၊ PDF"** ခေါင်းစဉ်ဖြင့် မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"ဆင်ခြင်တုံတရားမဲ့စွာ လူမဆန်တဲ့ လုပ်ရပ်နဲ့ ပြည်သူအပေါ် ပစ်ခတ်သတ်ဖြတ်ခဲ့တဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။

အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**



## ပေါက်ခေါင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင် အသိပညာပေးဟောပြော

**ပေါက်ခေါင်း မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲများကို ယမန်နေ့က ဝက်တိုးမြို့နယ် အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က ကျောင်းသားလူငယ်များ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ ကလေးအလုပ်သမားပပျောက်ရေး၊ လူငယ်ရေးရာ အသိပညာပေးအကြောင်းအရာများကို ရှင်းလင်းဟောပြော၍ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်သင်းသင်းထွေးက လူငယ်နှင့်မူးယစ်ဆေးဝါး အကြောင်းတို့ကို ဟောပြောဆွေးနွေးပြီး ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုအသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

## မိုင်းရယ်မြို့နယ်၌ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး

**မိုင်းရယ် မတ် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးဆွေးနွေးပွဲကို မတ် ၁၆ ရက်က ပြုလုပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်ချစ်ချစ်ပိုင်က ပလတ်စတစ်များ၏ ဆိုးကျိုးများနှင့် အငယ်တန်းစာရေး ဒေါ်စပယ်ဖူးက ပလတ်စတစ်ပစ္စည်းများ လျှော့ချသုံးစွဲနိုင်ရေးအကြောင်းများကို ဆွေးနွေးကြသည်။

**မိုင်းရယ်(ပြန်/ဆက်)**



## ပင်လောင်းမြို့နယ်၌ နွေရာသီသင်တန်းဆင်းပွဲ ကျင်းပ

**ပင်လောင်း မတ် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်၌ နွေရာသီအခြေခံအားကစား သင်တန်းများနှင့် အင်္ဂလိပ်စာ သင်တန်းဆင်းပွဲကို ယမန်နေ့က မိုးလုံလေလုံအားကစားရုံ၌ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး တိုက်ကွမ်ဒိုသင်တန်းသားသင်တန်းသူများက တိုက်ကွမ်ဒိုတိုက်ကွက်များ သရုပ်ပြခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

သင်တန်းတွင် ဘောလုံး၊ တိုက်ကွမ်ဒို၊ ပြေးခုန်ပစ်အားကစားနည်းနှင့် ပညာဘာသာရပ် English 4 Skills တို့ကို ဖေဖော်ဝါရီ ၁၆ ရက်မှ မတ် ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## မြောင်းမြမြို့နယ်၌ နွေစပါးစိုက်ခင်းများအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

မြောင်းမြ မတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် သပြေချောင်ကျေးရွာရှိ လူမှုစီးပွားမြှင့်တင်ရေး စီမံကိန်း ရန်ပုံငွေရယူထားသည့် မြမျိုးသန့်မျိုးစေ့ထုတ် သမဝါယမအသင်းသား ဦးဝင်းသိန်း၊ ဦးတင်သိန်းတို့၏ ဆာဖိုးသာနွေစပါးစိုက်ခင်းများနှင့် ကျုံဝါးကျေးရွာရှိ တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေရယူထားသည့် ထွက်တိုးပျော် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးသိန်းဆိုင်ထွန်း၏ ရေဆင်းပေါ်ဆန်း-၂ နွေစပါး စိုက်ပျိုးထုတ်လုပ်မှုများအား ယနေ့နံနက်ပိုင်းက သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းအေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခင်နှစ်နွေစပါးကို မြမျိုးသန့်မျိုးစေ့ထုတ် အသင်းသားများက ဆင်းသုခ မျိုးစပါးစိုက်ပျိုးခဲ့ရာ တင်း ၁၄၀ ထွက်ရှိခဲ့ပြီး ထွက်တိုးပျော် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းက ရေဆင်း ပေါ်ဆန်း-၂ စပါးစိုက်ပျိုးခဲ့ရာ တင်း ၁၀၀ ထွက်ရှိခဲ့ကြောင်း သိရသည်။



ဇေယျာ (ပြန်/ဆက်)

## မတ္တရာမြို့နယ် လကျောင်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မတ္တရာ မတ် ၁၇

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ လကျောင်းကြီးကျေးရွာအတွင်းသို့ ပြည်သူများ ပြန်လည်နေထိုင်ခြင်း အထိမ်းအမှတ်အဖြစ် အဆိုပါကျေးရွာရှိ မဟာသုမင်္ဂလာရာမ ဘုန်းတော်ကြီးကျောင်း၌ ယနေ့နံနက် ၇ နာရီခွဲက စုပေါင်းသန့်ရှင်းရေး ပြုလုပ်သည်။




ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ရာတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဝင်းမင်းလတ်၏ ဦးဆောင်မှုဖြင့် တပ်မတော်သားများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးသန်းဝင်းအောင်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်လွင်နှင့် တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာသူကျေးရွာသားများ စုပေါင်း၍ ကျောင်းတိုက်အတွင်းရှိ ပြိုကျပျက်စီးနေသော အုတ်ကျောင်းဆောင်အဟောင်းနှင့် ကျောင်းဝင်းအတွင်း၊ အပြင်ရှိ အပျက်အစီးများကို ရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသူများအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဝင်းမင်းလတ်က နံနက်စာ ကောက်ညှင်းပေါင်းနှင့် အကြော်၊ နေ့လယ်စာ ထမင်း၊ ဟင်းတို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

ရွှေရာသား

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၀ ရက်တွင် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စု မှန်ပြတောင်အနီး၌ မော်တော်ယာဉ် ၄၆ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁၃ မျိုး၊ လုပ်ငန်းသုံးကုန်ပစ္စည်း ၅၁ မျိုး၊ လျှပ်စစ်ပစ္စည်း ၁၀ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၂၉၉၂၁၈၈) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် ၄၆ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၈၇၉၉၂၁၈၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁၅ ရက်တွင် ဘားအံမြို့နယ် မာလာဖူး ကုန်ထုတ်စခန်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀) ကို ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေအရလည်းကောင်း၊ ဘားအံမြို့နယ် ဒုံသမိတံတား၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Bongo Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၅၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် တောင်ငူမြို့နယ်နှင့် ပြည်မြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၇၆၄ တန်နှင့် ၄၅ ပေါင်ဝင် မီးသွေး ၆၅၇ အိတ် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၂၆၁၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၆ ရက်နှင့် ၉ ရက်တို့တွင် ဝါးခယ်မမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် ကြံခင်းမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၂ ဒသမ ၅၆၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၉၂၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၄ ရက်တွင် ပဲခူးမြို့နယ် ဘုရားကြီးမြို့အထွက်၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၄၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu ELF Truck တစ်စီး၊ Mitsubishi Fuso Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၂၄၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် မတ် ၆ ရက်၊ ၉ ရက်၊ ၁၀ ရက်၊ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၂၂၁၃၇၃၂) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## မင်္ဂလာဒုံမြို့နယ်၌ မီးခိုးမြူငွေ့အန္တရာယ် ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေး

ရန်ကုန် မတ် ၁၇

ယခုအခါ ပူပြင်းခြောက်သွေ့သော ရာသီသို့ရောက်ရှိလာပြီဖြစ်၍ နယ်စပ်ဖြတ်ကျော် တောင်ယာရှို့မီးခိုးများကြောင့် ဖြစ်စေလာနိုင်သည်များကို ရှောင်ရှားနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ “ပွင့်လင်းရာသီ မီးခိုးမြူငွေ့အန္တရာယ်” ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးပွဲ(Talk Show)ကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင် က အသိပညာပေးဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာရေးဆရာမ ပေါက်ပေါက် က “ပွင့်လင်းရာသီ မီးခိုးမြူငွေ့အန္တရာယ်” ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးရာ မီးခိုးမြူငွေ့၏အဓိပ္ပာယ်၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာရသည့် အကြောင်းရင်းများ၊ လေထုအရည်အသွေး သတ်မှတ်ချက်များ၊ မီးခိုးမြူငွေ့ကြောင့် ဖြစ်စေနိုင်သောဆိုးကျိုးနှင့် ရောဂါများ၊ ပွင့်လင်းရာသီကာလ မီးခိုးမြူငွေ့အန္တရာယ်နှင့်ပတ်သက်၍ အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူလူထုများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များအတွက် အသိပညာဗဟုသုတရရှိစေမည့် အကြောင်းအရာများကို ဆွေးနွေးပွဲပြုလုပ်၍ Website TV (Talk Show) ရိုက်ကူးကာ Online မှတစ်ဆင့် ထုတ်လွှင့်တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။ **မင်းသိန်းထွန်း**

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေး

နေပြည်တော် မတ် ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် လဟယ်-ဟွေထိုက်-ပုံညိုနောက်အင်းကြား ၂၀ မိုင်အနက် မြေသားလမ်း ၃ မိုင် အပြီးသတ်ဖောက်လုပ်ခြင်းလုပ်ငန်းမှာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် အဆိုပါလမ်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ ဒေသခံပြည်သူ ၇၆၂၄ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❂ *ကျောဖုံးမှ*

ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၁၃၄) ရပ်ကွက်နေ ဖြိုးမင်းဇော်(၂၅)နှစ် သယ်ဆောင်လာသည့် ကက်တမင်း ၁ ဒသမ ၈၇ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၆၁ သိန်း) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ပူးပေါင်းအဖွဲ့သည် မတ် ၁၅ ရက် ည ၇ နာရီတွင် ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအနီး၌ ကျိုင်းတုံမြို့နယ် မိုင်းပန်(လယ်) ကျေးရွာအုပ်စု မိုင်းခါးကျေးရွာနေ ကျဖ (၂၀)နှစ် မောင်းနှင်လာသော HONDA WAVE i 110 မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းသယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၈ သိန်း) ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ စသည့် နာတာရှည်ရောဂါ အခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀)အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက် ပြသ၍ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

(မတ်လ၊ ၂၀၂၆)

# ကျေးဇူးတင်လွှာ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို (၁၁-၃-၂၀၂၆) ရက်နေ့မှ (၁၈-၃-၂၀၂၆) ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာနများ၌ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ရာ စာမေးပွဲမတိုင်မီနှင့် စာမေးပွဲကာလတစ်လျှောက်လုံး အဆင်ပြေချောမွေ့စွာ ပြီးမြောက်စေရန် ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန စသည့် ဝန်ကြီးဌာနအသီးသီးတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့ ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့သားများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ဒုတိယ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများနှင့် အခြား ကျေးဇူးတင်ထိုက်သူများအားလုံးကို ပညာရေးဝန်ကြီးဌာနမှ လှိုက်လှဲစွာ ဂုဏ်ပြုကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

ကျန်းမာရေးဝန်ကြီးဌာန

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

၁

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

### အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ

- တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ရေများများသောက်ပါ။



၂

### အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ချင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။



# တနင်္သာရီမြို့နယ်၌ ဗဟိုမိုဘိုင်း စက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ်နှင့် အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်း

**တနင်္သာရီ မတ် ၁၇**

တနင်္သာရီမြို့နယ်အတွင်းရှိ ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်း လုပ်ငန်းရှင်များအား ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံ မှတ်ပုံတင်စနစ် (CEIR) နှင့် အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းပွဲကို ယနေ့ နံနက်ပိုင်းက တနင်္သာရီမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် တနင်္သာရီမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိလစ်ဝင်းက အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးပိုင်ဖြိုးဦးက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

မြို့နယ်(ပြန်/ဆက်)

# မိုင်းရှူးမြို့နယ်၌ လူငယ်နှင့်အားကစားဆိုင်ရာ အသိပညာပေးဆွေးနွေး

**မိုင်းရှူး မတ် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ လူငယ်လူရွယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဖွံ့ဖြိုးရေးအတွက် ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ လူငယ်နှင့်အားကစား အသိပညာပေးဆွေးနွေးပွဲပြုလုပ်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်လေးလေးယုနှင့် အားကစားနှင့် ကာယပညာ ဦးစီးဌာန နည်းစနစ်မှူး ဦးကျော်ဝင်းတို့က လူငယ်များ အားကစားကို စိတ်ပါဝင်စားပြီး နေ့စဉ် အားကစားလှုပ်ရှားလာစေရေးအတွက် အားကစားအမျိုးအစားများ၊ အားကစား ပြုလုပ်ခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ အခွင့်အလမ်းများ စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

သန်းလူ(ပြန်/ဆက်)

FAME
Arthrotec®
Bio supplement for joint
TMR 011382 (0627)
၂/၂၀၂၄ တဆထလ/တိုး (၀၆၅၇)
အဆစ်အားဖြည့်ဆေး
ISO 9001 : 2015
ISO 14001 : 2015
ISO 45001 : 2018
GMP Certified
Organic Certified
Ph: 09-95 500 5000

FAME
Osteomax®
Bone density enhancement
TMR 011384 (0627)
၂/၂၀၂၄ တဆထလ/တိုး (၀၆၅၇)
အရိုးသန်မာဆေး
ISO 9001 : 2015
ISO 14001 : 2015
ISO 45001 : 2018
GMP Certified
Organic Certified
Ph: 09-95 500 5000

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အောက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ မတ်လ (၂၃) ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

| စဉ် | အမည် | ရပ်ကွက် | အကွက်အမှတ် | အကွက်အမည် | ဦးပိုင်အမှတ် | ဧရိယာ | မူလအမည်ပေါက်သူ |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်ဝင်းမင်းသန်း | ၁၃ | ၂၇-ခ | မြင်းခြံ | ၃-ဃ | ၀.၀၄၈ | ဒေါ်အမာ ပါ-၈ |
